မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၆၅)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၂၂ ရက်၊ တနင်္လာနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကၠ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကၠ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံအလုပ်ရုံများ၌ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေး

ပြည်တွင်း၌ ဆိုလာပြားများကို လုံလောက်စွာထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းလျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံအလုပ်ရုံများ၌ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အီလက်ထရောနစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံ ရွှေကသာကုမ္ပဏီ လီမိတက်၊ ဆိုလာပြားစက်ရုံ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အီလက်ထရောနစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံ ရွှေကသာကုမ္ပဏီ လီမိတက်၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အီလက်ထရောနစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံ ရွှေကသာကုမ္ပဏီလီမိတက်၊ ဆိုလာပြားစက်ရုံ၌ ဆိုလာပြားများထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၂၂ ရက်)

မိုးရာသီနှင့်သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ပေး

မိုးရာသီရောက်လာသည်နှင့်ကျောင်းသား၊ ကျောင်းသူကလေးသူငယ်များအတွက် ကျန်းမာရေးကို ပိုမိုဂရုစိုက်ကြရမည်ဖြစ်သည်။ ကျန်းမာရေးကောင်းမွန်မှ ပညာသင်ကြားခြင်းကို လုပ်ဆောင်နိုင်မည်ဖြစ်၍ ကျန်းမာရေးကောင်းမွန်နေစေရန် မိဘ၊ ဆရာနှင့် ကျောင်းသား၊ ကျောင်းသူများအားလုံးက သတိပြုကြရမည်ဖြစ်သည်။ မိုးရာသီတွင်အဖြစ်များသည်မှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်ပိုး (Dengue Virus)သယ်ဆောင်ထားသော ခြင်ကျားအကိုက်ခံရခြင်းကြောင့်ဖြစ်ပွားသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ကြိုတင်ကာကွယ်၍ရသောရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးသည် ယခင်က ကလေးသူငယ်များတွင်သာဖြစ်ပွားကြောင်းသိရှိရသော်လည်း ယခုအခါအသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေးဖြစ်ပွားနိုင်သည်။ အသက် ၁၅ နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်။ ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်တွင် အဓိက ပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံအဆင့်ဆင့်ဖြစ်သည့် (ဥမှပိုးလောက်လမ်း၊ ပိုးရုပ်ဖုံး၊ သက်ကြီးကောင်) ဖြစ်စဉ်မှာ ပျမ်းမျှ ၈ ရက်မှ ၁၀ ရက်ခန့်အထိ ကြာမြင့်သည်။ ထို့ကြောင့် မိမိတို့နေအိမ်၊ ကျောင်းနှင့်ပတ်ဝန်းကျင်တွင် တစ်ပတ်လျှင်အနည်းဆုံးတစ်ကြိမ် ခြင်ကျားလောက်လမ်းရှာဖွေပြီး လောက်လမ်းပေါက်ပွားမှုလုံးဝမရှိအောင်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဖုံး၊ သွန်၊ လဲ၊ စစ် အိုးအတွင်းပိုင်းတိုက်ချွတ် စသဖြင့်ဆောင်ရွက်ရန်လိုအပ်သည်။

လူတိုင်းအတွက်အရေးကြီးသည်မှာ ခြင်ကိုက်မခံရရေးဖြစ်သည်။ ခြင်ကိုက်မခံရရေးအတွက် ကျောင်းများတွင် လေဝင်လေထွက်ကောင်း၍ သန့်ရှင်းနေစေရမည်။ ကျောင်းပတ်ဝန်းကျင်တွင် ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ကြရမည်။ ချုံနွယ်ပိတ်ပေါင်းများရှိနေလျှင် ခုတ်ထွင်ရှင်းလင်းထားရမည်။ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့အပြင် အစားအစာသန့်ရှင်းခြင်း၊ ရေသန့်ရှင်းခြင်း၊ လက်သန့်ရှင်းခြင်း၊ သန့်စင်ခန်းများသန့်ရှင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်းဟူသော သန့် ၅ သန့်နှင့်အညီ လုပ်ဆောင်ကြရမည်ဖြစ်သည်။

မိမိတို့တစ်ဦးချင်းတစ်ကိုယ်ရေသန့်ရှင်းရေးသည် ကျန်းမာရေးကိုအထောက်အကူပြုသည်။ သန့်ရှင်းစွာနေထိုင်တတ်သူအဖို့ သာမန်ရောဂါများဖြစ်ပွားမှုလျော့နည်းသည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာသင်ကျောင်းတိုင်းတွင်ရှိနေသော “စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ” ဟူသောဆောင်ပုဒ်ကို အလေးထားရမည်ဖြစ်သည်။ စိတ်ဓာတ်ကောင်းထားရှိကာ မိမိအတန်းသန့်ရှင်းရေး၊ မိမိကျောင်းသန့်ရှင်းရေးတို့ကို လုပ်ဆောင်လိုစိတ်ရှိကြရမည်။ ထို့အတူ စည်းကမ်းကောင်းခြင်းဟူသောအသိစိတ်ဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ အချိန်အခါအလိုက် ထုတ်ပြန်သောသတိပေးချက်များကို လိုက်နာကြရမည်ဖြစ်သည်။ သို့မှသာ ပညာရေးကိုကောင်းမွန်စွာသင်ယူနိုင်ကြမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးအသိမြှင့်တင်ပေးလျက်ရှိသည်။ မိုးရာသီတွင်အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြရန် နေ့စဉ်ထုတ်သတင်းစာများတွင်ဖော်ပြပေးထားသည်။ သွေးလွန်တုပ်ကွေးမဖြစ်ဖို့ ခြင်ကျားလောက်လမ်းနှိမ်နင်းကြပါဗျို့ဟု အော်ဟစ်သတိပေးနေသည့်ရုပ်ပုံရေးဆွဲကာ အသိပညာပေးထားသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းများစတင်မဖွင့်လှစ်မီကပင် ကျောင်းဝင်းအတွင်း/အပြင် သန့်ရှင်းရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးတို့ကိုဆောင်ရွက်ပေးထားသည်မှာ ကျန်းမာရေးအတွက်အဓိကဖြစ်သည်။

မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါအဖြစ်များသည့်အတွက် ကြိုတင်ကာကွယ်ခြင်းဖြင့် ရောဂါမဖြစ်ပွားအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကမ္ဘာ့လူဦးရေထက်ဝက်ခန့်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနေပြီး တစ်နှစ်လျှင်ရောဂါကူးစက်ခံရသူ သန်း ၄၀၀ နီးပါးရှိသည်။ ၎င်းတို့အနက် လူကြီး ၁၀ ရာခိုင်နှုန်းနှင့် ကလေး ၃၀ ရာခိုင်နှုန်းပါဝင်သည်။ အရှေ့တောင်အာရှဒေသ၌ မုတ်သုံတောများပေါများလှသည်။ မုတ်သုံတောပေါများသည့် အင်ဒိုနီးရှား၊ ထိုင်းနှင့်မြန်မာနိုင်ငံတို့တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သည်။

မှတ်တမ်းများအရကမ္ဘာပေါ်တွင် သွေးလွန်တုပ်ကွေးရောဂါကို ကပ်ရောဂါအဖြစ် ၁၆၃၅ ခုနှစ်တွင် ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်တွင် ကပ်ရောဂါအဖြစ် ရန်ကုန်မြို့၌ဖြစ်ပွားခဲ့ကြောင်းသိရှိရသည်။ လူဦးရေထူထပ်ပြီး စိုစွတ်သောနေရာများတွင် သွေးလွန်တုပ်ကွေးရောဂါအဖြစ်များသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ဖြစ်ဖြစ်ချင်းသိရှိလျှင် ကုသမှုလွယ်ကူသော်လည်းဖြစ်မှန်းမသိဘဲ လွန်မှသိခဲ့လျှင် ကုသမှုခက်ခဲသည်။ ပထမတစ်ကြိမ်ဖြစ်ပြီးသွားသူများအနေဖြင့် နောက်တစ်ကြိမ်ထပ်ဖြစ်လျှင် ပိုဆိုးတတ်သည်။ မည်သို့ပင်ဖြစ်စေ ရာသီဥတုသည် စွတ်စိုသောမိုးရာသီကာလဖြစ်၍ သွေးလွန်တုပ်ကွေးမဖြစ်ရေးအတွက် ကျန်းမာရေးနှင့်လျော်ညီစွာ ပြုမူနေထိုင်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

ဒိုက်ဦးမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးခြင်းဆောင်ရွက်

ဒိုက်ဦး ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်များနှင့်ပတ်သက်၍ အခွန်ပညာပေးရှင်းလင်းဆွေးနွေးခြင်းဆောင်ရွက်သည်။

အခမ်းအနားတွင် ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာမြင့်က ပြည်တွင်းအခွန်များဦးစီးဌာနတွင် ကောက်ခံနေသောအခွန်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝေလင်းက ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

ကလိန်အောင်မြို့၌ ယိုးဒယားကိုင်းဆက်ကြက်မောက်သီးများ ရောင်းအားကောင်း

ကလိန်အောင် ဇွန် ၂၁

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့၌ မိုးရာသီထွက်ရှိသောယိုးဒယားကိုင်းဆက်ကြက်မောက်သီးများ လှိုင်လှိုင်ထွက်ရှိနေပြီး စီးပွားဖြစ်စိုက်ပျိုးသူခြံရှင်များက ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

ကြက်မောက်သီးအမျိုးအစားတွင် ယိုးဒယားကိုင်းဆက်မျိုးနှင့်မြန်မာမျိုးဟူ၍ အသီးနှစ်မျိုးရှိရာ ယခုနှစ်တွင် စိုက်ပျိုးရေးကုန်ကျစရိတ်များမြင့်တက်လာသော်လည်း ယိုးဒယားကိုင်းဆက်သီးကို စီးပွားဖြစ်စိုက်ပျိုးလာကြသူများပြားလာကြောင်း သိရသည်။

ယိုးဒယားကြက်မောက်သီးမျိုးမှာ အလုံးကြီးပြီး အခွံကြွပ်ကာ စားရတဲ့အရသာမှာလည်း အလွန်ချိုသဖြင့် စားသုံးသူများက ယိုးဒယားမျိုးကို ပို၍ဝယ်ယူစားသုံးလာကြသဖြင့် ယိုးဒယားကိုင်းဆက်မျိုးကို စီးပွားဖြစ် ပိုမိုစိုက်ပျိုးလာကြသည်။

ယခုချိန်တွင် ကလိန်အောင်မြို့အတွင်းရှိ ရပ်ကွက်များနှင့်ကျေးရွာများ၌ ယိုးဒယားကြက်မောက်သီးများစတင်ထွက်ရှိနေပြီး ဈေးကွက်ဝင်သီးနှံဖြစ်သောကြက်မောက်သီးများကို မြို့အနီးအနားကကျေးရွာများ၊ ကံပေါက်နှင့်ထားဝယ် စသည့်မြို့များမှ ဖောက်သည်လာယူလျက်ရှိကြောင်းသိရသည်။

(၄၁)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၂၅(တနင်္ဂနွေနေ့)

၁။	၀၆:၀၃	တရားတော်	၁၀။	၁၇:၀၀	သုတရသစုံလင်ဗဟုသုတပုံပြင်
၂။	၀၇:၂၅	ကိုယ်လက်လှုပ်ရှားအားကစား	၁၁။	၁၈:၀၀	နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၃။	၀၈:၀၀	မောင်မယ်လေးများသိစေချင်			
၄။	၁၀:၀၀	စာပေနှင့်အနုပညာသတင်း	၁၂။	၁၈:၃၀	စိုက်ပျိုးသုတ
၅။	၁၁:၀၀	အတွေးအမြင်	၁၃။	၁၉:၀၀	**ရုပ်မြင်သံကြားဇာတ်လမ်း ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား (ဇာတ်သိမ်းပိုင်း)**
၆။	၁၂:၀၀	ရွေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု			
၇။	၁၃:၀၀	အိုဘယ်သခင်တေးနုယဉ်			**သရုပ်ဆောင်-ကျော်ဟိန်း၊ မေသန်းနု ဒါရိုက်တာ စင်ရော်မောင်မောင်**
၈။	၁၄:၀၀	မြဝတီရုပ်မြင်သံကြားသတင်း			
၉။	၁၅:၀၀	ဇာတ်လမ်းတို	၁၄။		**တရားတော်**

သဇင်(FM) အသံလွှင့်အစီအစဉ်

၂၂-၆-၂၀၂၅(တနင်္ဂနွေနေ့)

၁။	၀၈:၀၀	မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ	၃။	၁၃:၃၅ Music Crazy
			၄။	၁၄:၅၅ Sporty Zone
၂။	၁၀:၄၀	နိပါတ်တော်လာ သိမှတ်စရာ	၅။	၁၈:၂၀ Relaxing Moment
			၆။	၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

မြဝတီ ခုနှစဉ် Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိပွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ဝသ-၇၃၉၉၈၊ ဖက်စ် ဝသ-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ဝသ-၇၄၀၀၆၊ ဝသ-၇၄၀၀၈၊
ဘုရင့်နောင်လမ်းမကြီး၊ ပုဇွန်ရိပ်မြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ဝသ-၇၄၀၂၊ ဖြန့်ချိရေး ဝ၁၈-၄၀၀၆၉၇၊
ကြော်ငြာ ဝသ-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

သန်လျင်မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၆၀၀၀၀ နီးပါးစိုက်ပျိုးရန်လျာထားပြီး ဩဂုတ်လကုန်တွင် အပြီးစိုက်ပျိုးရန်စီစဉ်ထား

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၆၀၀၀၀ နီးပါးစိုက်ပျိုးရန်လျာထားပြီး ဩဂုတ်လကုန်တွင် အပြီးစိုက်ပျိုးရန် စီစဉ်ထားကြောင်း သန်လျင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် သန်လျင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးထွက်ရှိမှုကို တစ်ဧကပန်းတိုင် အထွက်နှုန်း တင်း ၁၀၀ ခန့်ထွက်ရှိစေရန် ရည်မှန်းချက်ထားပြီး သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများအား အထွက်နှုန်းကောင်းသော စပါးမျိုးများ၊ သွင်းအားစုများနှင့် စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။



"သန်လျင်မြို့နယ်မှာ ဒီနှစ်မိုးစပါးစိုက်ပျိုးရာသီမှာ ဧက ၆၀၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ အခုချိန်မှာ မိုးဦးကျခါစအချိန်ဖြစ်တဲ့အတွက် မိုးစပါးကိုစိုက်ပျိုးနေဆဲရှိပါသေးတယ်။ ဩဂုတ်လကုန်မှာ လျာထားစိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးအောင် ဆောင်ရွက်မှာဖြစ်ပြီး တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိစေဖို့ ရည်မှန်းချက်ထား စီစဉ်ဆောင်ရွက်နေပါတယ်"ဟု သန်လျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးဝင်းကပြောသည်။

သန်လျင်မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးမှုကို မေလနှောင်းပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ပြီး ဩဂုတ်လကုန်တွင် လျာထားဧကအားလုံးပြီးစီးအောင် စိုက်ပျိုးမည်ဖြစ်ကာ မိုးစပါးရိတ်သိမ်းမှုကို နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် မိုးဦးကျကောင်းမွန်ခြင်းကြောင့် သန်လျင်မြို့နယ်အတွင်း မိုးစပါးများ စတင်စိုက်ပျိုးရာတွင် စိုက်ပျိုးရေးလုံလောက်စွာရရှိပြီး တောင်သူများ အဆင်ပြေကြောင်း သိရသည်။

သန်လျင်မြို့နယ်အတွင်း ပြီးခဲ့သည့် နွေစပါးစိုက်ပျိုးရာသီကလည်း နွေစပါးများအထွက်နှုန်းကောင်းမွန်ခဲ့ပြီး တစ်ဧကလျှင် စပါးတင်း ၉၀ ဝန်းကျင် ထွက်ရှိခဲ့ကာ တချို့စိုက်ကွက်များတွင် တစ်ဧကအထွက်နှုန်းမှာ စပါးတင်း ၁၀၀ မှ ၁၂၀ ကြား ထွက်ရှိကြောင်း သိရသည်။

သန်လျင်မြို့နယ်၌ မိုးစပါးကို ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသာမက နိုင်ငံအတွင်းပါ စားသုံးမှုဖူလုံစေမည့်အပြင် ဆန်စျေးနှုန်းတည်ငြိမ်ရေးကို အထောက်အကူပြုမည်ဖြစ်ကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းဦး**

တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၃၃၀၀၀ ကျော် အရောင်းအဝယ်ဖြစ်

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်း၌ ဇွန်လ တတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၃၃၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဇွန်လ ၁၆ ရက်မှ ၂၀ ရက်အထိ တစ်ပတ်တာကာလအတွင်း စုစုပေါင်း ငွေကျပ် ၁၀၂၉၇၄၄၀၀ တန်ဖိုးရှိ ခဲ့ကြောင်း သိရသည်။

အထူးသတင်းထောက်

ကော့မှူးမြို့နယ်၌ ရွေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်လှစ်



ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ထန်းမနိုင်)၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ပူးပေါင်း၍ ရွေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်ပွဲကို ဇွန်လ ၂၀ ရက်က ကျင်းပသည်။

ရွေးဦးစွာ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားပါက ရွေးဦးပြုစုနည်းဖြင့် ကြိုတင်ကုသနိုင်သည့်အပြင် မိမိပတ်ဝန်းကျင်ရှိ ပြည်သူများ အကူအညီလိုအပ်လာပါက မိမိတတ်မြောက်ထားသောပညာဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများကို မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့မှူး ဦးအောင်ကျော်စိုးထံ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ပြုံးကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကိုပြောကြားပြီး အခြေခံပညာအထက်တန်းကျောင်း(ထန်းမနိုင်) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ရှိန်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းကို အခြေခံပညာအထက်တန်းကျောင်း(ထန်းမနိုင်)မှ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး တက်ရောက်ကြပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့မှူး ဦးအောင်ကျော်စိုးနှင့် နည်းပြခြောက်ဦးက ရွေးဦးပြုစုခြင်းအကြောင်းသိကောင်းစရာ၊ လူနာတစ်ဦးအားတွေ့ရှိပါက ဆန်းစစ်ရမည့်အချက်များ၊ သွေးယိုထွက်သောလူနာအားပြုစုနည်း၊ အရိုးကျိုးသောလူနာအားပြုစုနည်း၊ အပူလောင်သောလူနာအား ပြုစုနည်း၊ နှာခေါင်းသွေးယိုသောလူနာအား ပြုစုနည်း၊ သတိလစ်နေသောလူနာအား ပြုစုနည်း စသည်တို့ကို သုံးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)



တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

ပစ္စည်းများကို လှည်းပေါ်သို့တင်နေခိုက်တွင် တရုတ်စစ်ဗိုလ်ကလေးနှင့် ဂေါ်ရခါးစကားပြန်တစ်ယောက် ရောက်လာ၍ ကျွန်ုပ်တို့ကို စစ်ဆေးမေးမြန်းသည်။ ကျွန်ုပ်ကား စကားပြောရန်ပျင်း၍ လူတွင်ကျယ်လုပ်ရန် ဝါသနာမပါသူတစ်ယောက်ဖြစ်ရာ ဤနေရာတွင် ၎င်းဝါသနာကြောင့် အသက်ချမ်းသာရာရပေတော့သည်။

အကယ်၍ ဦးဘချစ်က စကားလက်ခံမပြောဘဲ ကျွန်ုပ်ပြောရပါမူ ဦးဘချစ်ပြောသကဲ့သို့ ပြောမည်ပင်ဖြစ်၍ ဦးဘချစ်၏အဖြစ်မျိုးကို ကျွန်ုပ် တွေ့ကြုံရမည်ဖြစ်လေသည်။ တရုတ်စစ်ဗိုလ်ကလေးက စစ်ဆေး၍ ဦးဘချစ်က ပြောဆိုရာတွင် ကျွန်ုပ်လည်း ဦးဘချစ်နှင့်အတူ ရပ်လျက်ရှိ၏။ တခြားသောအရာများကို မေးမြန်းပြီးနောက် တရုတ်စစ်ဗိုလ်ကလေးက-

"ခင်ဗျားတို့ဆီမှာ လက်နက်များမရှိဘူးလား"

ချစ် ။ "မရှိပါဘူး"

ဗိုလ်။ "ရှိလျှင် ထုတ်ပေးပါ၊ ကျုပ်တို့ကိုယ်တိုင် တက်ရှာမှတွေ့ရင် ဒဏ်ပေးရပါလိမ့်မယ်"

ချစ် ။ "ရှာချင် ရှာပါတော့၊ မရှိပါဘူး"

အမှန်မှာ ဦးဘချစ်၌ ခြောက်လုံးပြူးသေနတ် ကလေးတစ်လက်ရှိ၏။ သို့ရာတွင် အိမ်နောက်ဖေးငှက်ပျောတောထဲ၌ မြှုပ်ထားပြီးလေပြီ။ မောင်မောင်ကြီး၏သေနတ်အကြောင်းကိုမူ ဦးဘချစ်လည်းမသိ၊ ကျွန်ုပ်လည်း မသိချေ။ ကျွန်ုပ်ကို မေးလျှင်လည်း ဤအတိုင်းပင် ဖြေမိပေလိမ့်မည်။ ထို့နောက် စစ်ဗိုလ်နှင့် စကားပြန်တို့သည် အိမ်ပေါ်သို့တက်၍ ရှာကြရာ အိမ်ဦးခန်းသို့တက်မိလျှင်ပင် စားပွဲပေါ်၌ တင်ထားသော သေနတ်ကို ပက်ပင်းပါ တွေ့နေကြလေပြီ။

ဗိုလ်။ "ဘယ့်နယ့်လဲ ခင်ဗျားက မရှိဘူးဆို၊ ဒီမှာ တွေ့နေပါပြီကော"

ဦးဘချစ်ကား အကျပ်ရိုက်နေရာပြီ၊ မျက်နှာတွင် သွေးဆုတ်သွားတော့သည်။

ချစ် ။ "ကျွန်တော် မသိပါဘူး...၊ ကျွန်တော့် သေနတ်မဟုတ်ပါဘူး"

ထိုအခိုက်တွင် မောင်မောင်ကြီး ပြန်ရောက်လာ၍ သူ၏သေနတ်ဖြစ်ကြောင်း၊ ဌာနအုပ်တစ်ယောက် ဖြစ်၍ သေနတ်ကိုင်ခွင့်ရှိကြောင်း ပြောပါ၏။ သို့ရာတွင် စစ်ဗိုလ်ကား ကျေနပ်ပုံမရချေ။

ထို့နောက် စစ်ဗိုလ်သည် ဦးဘချစ် ဆရာတပည့် နှစ်ယောက်၊ မောင်မောင်နှင့် မောင်မောင်ကြီးအပြင် ကျွန်ုပ်ကိုပါ (ယောကျ်ားငါးယောက်စလုံး) ခေါ်သွားတော့သည်။ ဝင်းတံခါးဝသို့ရောက်၍ အိမ်ဘက်သို့ လှည့်ကြည့်လိုက်ရာတွင် ပြတင်းပေါက်မှ မျှော်ကြည့်နေသော ဇနီးသည်ကိုမြင်သည်နှင့် သွားလိုရာ သွားပေတော့ဆိုသောအနေဖြင့် လက်ပြလိုက်ရာ ဇနီးသည်မှာလည်း မျက်နှာကလေး ဆီးရွှက်လောက်နှင့် ကျန်ရစ်ခဲ့ရှာတော့သည်။



မျက်နှာချင်းဆိုင်ရှိ အိမ်ကြီးထဲသို့ ရောက်သော အခါ ကျွန်ုပ်သာမက တခြားသောရွာသားများကိုလည်း ခေါ်ထားသေးရာ ၎င်းတို့နှင့်အတူ သစ်ပင်အောက်တွင်ရောနှောကာ ထိုင်ကြရသည်။ ဤအတောအတွင်း ရွာသား၊ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲခေါ်လာ၍ ၁၇ ယောက်ဖြစ်လာလေပြီ။ နောက်ဆုံးတွင်မူကား စောဖေစောနှင့်စောဒန်နီယယ်အမည်ရှိ ကရင်နှစ်ယောက်ကို ခေါ်လာပြန်ရာ ၎င်းတို့ကိုမူ တရုတ်စစ်သားတစ်ယောက်က ကန်ကျောက်ထိုးကြိတ်ရင်း ခေါ်လာခဲ့သည်။ ကျွန်ုပ်တို့အားလုံး ၁၉ ယောက်ကို သရက်ပင်ကြီးအောက်၌ ထားစဉ် တရုတ်စစ်သားတစ်ယောက်သည် မကျေချမ်းနိုင်သောအမူအရာနှင့် စောဖေစောဆိုသူ၏ကျောကို သေနတ်ဒင်နှင့်ပြေး၍ပြေး၍ ဆောင့်သော၏။ ကျွန်ုပ်တို့အထဲမှ လူတစ်ယောက်အား ဤကဲ့သို့ပြုလုပ်သည်ကို မြင်ရခြင်းအားဖြင့် ကျွန်ုပ်တို့၏ အမှုကား မသေးလှဟု စဉ်းစားမိသည်။

ကျွန်ုပ်တို့သည် သရက်ပင်ကြီးအောက်၌ စီတန်းကာ ထိုင်လျက်ရှိစဉ် သရက်ပင်အောက်၌ ခြေသုံးချောင်းထောက် စက်သေနတ်ကလေးနှစ်လက်သည် ကျွန်ုပ်တို့ဘက်သို့ ပြောင်းလှည့်လျက်ရှိရာ တရုတ်စစ်သားတစ်ယောက်က ယင်းသေနတ်တစ်လက်ကို မောင်းတင်ခြင်းပေလောမဆိုနိုင်။ ခလောက်ခလက်နှင့် မြည်အောင်လုပ်လိုက်သည်နှင့် ကျွန်ုပ်တို့ကို ပစ်ချေတော့မည်လောဟု ထင်မိသည်။ သို့ဖြစ်၍ ထပြေးရလျှင် တော်ချေမည်လားဟူသောအကြံနှင့် နောက်သို့လှည့်ကြည့်လိုက်ရာတွင် သေနတ်ထမ်းသော စစ်သားတစ်ယောက်လမ်းလျှောက်နေ၍ တခြားတစ်ယောက်က လက်ပစ်ဗုံးနှစ်လုံးကို လက်တစ်ဖက်တစ်လုံးကိုင်ကာ ရပ်နေသည်ကို မြင်ရတော့သည်။

ရွာထဲ၌ ယောကျ်ားများ ကုန်စင်လောက်ပြီထင်သောအခါမှ စစ်ဗိုလ်ကလေးက အချက်ပေးလိုက်၍ ကျွန်ုပ်တို့ လူ ၁၉ ယောက်သည် စစ်သားများခြံရံကာ လိုက်ပါသွားကြရသည်။ လမ်းခရီး၌ ကျွန်ုပ်သည် ဦးဘချစ်နောက်မှလိုက်ပါလာရာ ဦးဘချစ်မှာ ခြေထောက်၌ ခဲဆွဲထားသကဲ့သို့ အလွန်လေးကန်သော ခြေလှမ်းရှိသည်ကို မြင်ရသည်။

ပိန္နဲကုန်းရွာထိပ်သို့ရောက်ကြသောအခါ ကျွန်ုပ်တို့အား သစ်ပင်ကြီးအောက်တွင် ထိုင်စေလျက် ကျွန်ုပ်တို့နေအိမ်သို့ဝင်ခဲ့ဖူးသော စစ်ဗိုလ်ကလေးသည် ၎င်းထက် ကြီးဟန်တူသောစစ်ဗိုလ်အား ဘာပြောသည်မသိ။ အတန်ကြာ တိုင်ပင်ကြသည်။ ထို့နောက် စကားပြန်က ကျွန်ုပ်တို့ဘက်သို့လှည့်၍ ပြောလိုက်ရာ ၎င်း၏စကားကို ကျွန်ုပ်မကြားရဘဲ အနီးရှိလူတစ်ယောက်က "လူကြီးတွေခေါ်သတဲ့ လူကြီးတွေ"ဟု ပြောလိုက်၏။ လူကြီးတွေဆိုလျှင် ငါလည်း လူကြီးတစ်ယောက်ဖြစ်သည်ဆိုကာ ထိုင်ရာမှ ထသွားရာ ကျွန်ုပ်နှင့်အတူရပ်နေသူများမှာ ဦးဘချစ်၊ စောဖေစောနှင့် စောဒန်နီယယ်တို့သုံးယောက်ဖြစ်နေသည်ကိုမြင်ရသည်တွင်မှ ဟန်မကျသေးဟု အောက်မေ့ကာ ပြန်၍ထိုင်နေလိုက်ရတော့သည်။ (နောက်ကြောင်းကိုပြန်၍ ဆင်ခြင်သည့်အခါ ပသီပုံပြင်ဝတ္ထုထဲ၌ ဦးခေါင်းဖြတ်ခံရသောရာဇဝတ်ကောင်များထဲတွင် ရောနှောကာ ဝင်တိုးမိသော ငရောင်ကန်း၏အဖြစ်နှင့်တူလှ၍ ငိုအားထက်ရယ်အားသန်မိကာ ပြုံးမိပါသေး၏။)

ထို့နောက် ဦးဘချစ်တို့သုံးယောက်ကို ထိုနေရာ၌ ချန်ထားခဲ့၍ ကျန်လူများအား ဆက်လက်ခေါ်ဆောင်သွားပြန်ရာ တရုတ်စစ်ဗိုလ်ကြီး တည်းခိုလျက်ရှိသည်ဆိုသော အိမ်ကြီးတစ်ဆောင်သို့ရောက်ကြသောအခါ ကျွန်ုပ်တို့အား ဝင်းထဲတွင်ထားခဲ့၍ ဗိုလ်ကလေးသည်အိမ်ကြီးပေါ်သို့ တက်သွားလေသည်။ ထိုအတောအတွင်း မြန်မာစကားကောင်းစွာ မပြောတတ်သော တရုတ်ကလေးတစ်ယောက် ချဉ်းကပ်လာ၍ မောင်မောင်ကြီးက "ကျွန်တော်တို့တစ်တွေ လူကောင်းတွေပါ"ဟု ပြောရာတွင် တရုတ်ကလေးက "ကိုယ့်ကိုယ်ကိုယ်တော့ လူကောင်းချည်းပေါ့ဗျာ"ဟု ပြန်ပြောလေရကား ကျွန်ုပ်မှာ "ငါတို့ကိစ္စ မလွယ်လှ"ဟု စဉ်းစားမိပါတော့သည်။

တစ်နာရီခန့်ကြာသောအခါ စစ်ဗိုလ်ကလေး ပြန်ဆင်းလာ၍ ကျွန်ုပ်တို့ကို မြို့စွန်၌ရှိသော ဘုန်းကြီးကျောင်းဝင်းထဲသို့ ခေါ်သွားသည်။ ကျောင်းထဲ၌ကား ဘုန်းကြီးမရှိ၊ လူလည်းမရှိ၊ ခွေးများပင်မရှိ။ တိတ်ဆိတ်လျက်ရှိတော့သည်။ တစ်နေရာတွင် သစ်ပင်ကြီးအောက်၌ ထိုင်စေပြီးနောက် တရုတ်စစ်သားတစ်ယောက်က စက်သေနတ်ကို ရှေးနည်းအတူ ခလောက်ခလက်လုပ်ပြန်ရာ လူမရှိသောနေရာသို့ကျွန်ုပ်တို့ကိုခေါ်၍ သတ်တော့မည်ပြင်ခြင်းဖြစ်သည်ဟုထင်မိပြန်ပါသည်။ လူများ၏ မျက်နှာများကို ကြည့်လိုက်သည့်အခါ ပေါက်စီထက်ကြီးတော့သည်မထင်။ မျက်နှာငယ်သည်ဆိုခြင်းကား အကယ်ပင်ဖြစ်သည်ဟု သိရတော့သည်။

နောက်ဆုံး၌ ကျွန်ုပ်တို့အား ပေါက်တူး၊ ပေါက်ပြားများ စုပုံထားသည်ကိုပြလျက် တစ်ယောက်တစ်ခုယူခဲ့ရန်လက်ပြခြေပြဖြင့် အမိန့်ပေးသည်။ ထိုနေရာ၌ စကားပြန်မရှိတော့ချေ။ ပေါက်ပြားတစ်ခုကို ကောက်ယူလျက် တရုတ်စစ်သားများနောက်သို့ လိုက်ရစဉ် ကိုယ့်သနံ့ကိုယ် တူးရသည်ဆိုသောစကားကို ကြားဖူး၍ အကယ်ပင် ခိုင်းချေမည်လောဟု ပူပန်မိသေးရာ ဆေးရုံသို့ရောက်၍ အလောင်းများကိုညွှန်ပြသောအခါမှ တော်သေးရဲ့ဟု အောက်မေ့မိသည်။

ကသာကို ဗုံးချ၍ထိမှန်သောလူနာများကို ဆေးရုံကြီးသို့ပို့ထားရာ ဆရာဝန်များအားလုံး ထွက်ပြေးကြသဖြင့် သေသူသေ၊ ပုပ်သူပုပ် ဖြစ်ကုန်သည်တွင် ကျွန်ုပ်တို့အား အလောင်းများကို မြေကြီးဖြင့် ဖုံးဖိရန် စေခိုင်းခြင်းဖြစ်၏။ လက္ခဏာမှာ ဆေးရုံကြီးထဲတွင် တရုတ်စစ်တပ် စခန်းချမည်ဟု ကြံစည်ဟန်တူသည်။ နှစ်နာရီကျော် သုံးနာရီခန့်အလုပ်လုပ်၍ အလောင်းပေါင်း ၁၀ လောင်းခန့်မြေဖို့ပြီးလတ်သော် ကျွန်ုပ်တို့လူစုကို မြို့ထဲသို့ လှည့်လည်ခေါ်သွားသည်။ အလုပ်မှာကား လမ်းပေါ်တွင် ဗုံးမှန်၍သေဆုံးသော အလောင်းများကို ဖုံးဖိရန်ဖြစ်၏။ မြေကြီးကား မတူးနိုင်၊ ရထားတွဲထဲမှ စပါးတွေကိုကျုံး၍ အလောင်းများကို ဖုံးရတော့သည်။

ဆက်လက်ဖော်ပြပါမည်။

အင်တောမြို့၌ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြော

အင်တော ဇွန် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အင်တောမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၀ ရက်က အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အင်တောမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှထွေးက မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေးဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများကို အသိပညာပေးဟောပြောပြီး ဒေါ်ခိုင်ဇင်ငြိမ်း (ရုပ်သံကျွမ်းကျင်-၃)က Vape သုံးစွဲခြင်းကြောင့် ရရှိလာသည့် ဆိုးကျိုးများကို အသိပညာပေးဟောပြောကာ ဒေါ်ဇင်မာဦး(အငယ်တန်းစာရေး)က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် အင်တောမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်မှုများ၊ နံရံကပ်စာစောင်များနှင့် မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။

❖ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေရခြင်းမှာ တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော်အတွက် နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်စားသုံးမှု လိုအပ်ချက်ကို ပြည့်မီစေရန်ဖြစ် . . .

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးသူများလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိစေရေး ဈေးကွက်အတွင်းသို့ အလျင်အမြန် ဖြန့်ဖြူးရောင်းချပေးရန်လို . . .

❐ ကျောပိုးမှအဆက်

စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဥစားကြက်မွေးမြူရေးဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်တိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ အသားတိုးဝက်မွေးမြူထားရှိမှုနှင့် ဝက်သားပေါက်ထုတ်လုပ်ရေးဆောင်ရွက်လျက်ရှိမှု၊ အစေ့ထုတ်ပြောင်းစပ်မျိုးစိုက်ပျိုးထုတ်လုပ်ဆောင်ရွက်လျက်ရှိမှု၊ တိရစ္ဆာန်အစာစပ်စက်ရုံ တည်ဆောက်နေမှုနှင့် အထွက်တိုးပြောင်းမျိုးစေ့ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု တို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးကွက်အတွင်းသို့ လတ်ဆတ်စွာဖြင့် ရောင်းချပေးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုကြောင်း၊ **ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေရခြင်းမှာ တိုင်းဒေသကြီးအတွင်းရှိလူဦးရေ ၇ သန်းကျော်အတွက် နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်စားသုံးမှု လိုအပ်ချက်ကို ပြည့်မီစေရန်ဖြစ်**ကြောင်း၊ လူဦးရေ ၇ သန်းကျော်၏ နေ့စဉ်အသားစားသုံးမှုလိုအပ်ချက်ကို စနစ်တကျဖြင့် တွက်ချက်ထားရှိရန်လိုပြီး ဇုန်အလိုက် လိုလားချက်ပြည့်မီအောင် စိုက်ပျိုးမွေးမြူထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း၊ **ဒေသတွင်း၌ အခြေခံစားကုန်များကို ဖူလုံပေါများစွာဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုလည်း လျော့ကျသွားစေမည်ဖြစ်**ကြောင်း၊ အလားတူ အသီးအနှံများကိုလည်း မိမိတို့တိုင်းဒေသကြီးအတွင်း ပေါများနေအောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ မီးဖိုချောင်သုံးသီးနှံများကိုလည်း လုံလောက်စွာစိုက်ပျိုးထုတ်လုပ်သွားရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သည့်ပြည်သူများ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးသူများလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိစေရေး ဈေးကွက်အတွင်းသို့ အလျင်အမြန် ဖြန့်ဖြူးရောင်းချပေးရန်လို ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ဖောဖောသီသီစားသုံးနိုင်ရေး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဓိကအားဖြင့် အထွက်နှုန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကွက်ချပုံစံငယ်အားကြည့်ရှု၍ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်းလှည့်လည်၍ အဆောင်းပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း အဆောင်းပေးစနစ်ဖြင့် အသားတိုးဝက်များ မွေးမြူထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ် စားသုံးမှုအတွက် အသား၊ ငါးနှင့် ဥများလိုအပ်ကြောင်း၊ ထုတ်လုပ်မှုနှင့် စားသုံးမှုမျှတမှုသာ သင့်တင့်သည့်ဈေးနှုန်းများဖြစ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသား၊ ငါးနှင့် ဥများကို ထုတ်လုပ်မှုနှင့် စားသုံးမှုမျှတအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဥစားကြက်များကို Fully automatic စနစ်ဖြင့် မွေးမြူထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

အိုလံပစ်နေ့အထိမ်းအမှတ် Skateboardနှင့် Fixed gear bike စက်ဘီးအားကစားပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၁

နေပြည်တော် စိမ်းလန်းစိုပြည်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး အတွက် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏာသီရိမြို့နယ် မာရဝိဇယဘုရားဝင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သတ်မှတ်နေရာ၌ ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများက သတ်မှတ်နေရာများ၌ ကံ့ကော်ပင် ၇၃၅ ပင်ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် နေပြည်တော် ရေပန်းဦးယျာဉ်၌ ၂၀၂၅ ခုနှစ် ဇွန်လ ၂၃ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ စကိတ်အားကစားအဖွဲ့ချုပ်နှင့် နေပြည်တော်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် Skateboardနှင့် Fixed gear bike စက်ဘီးအားကစားပြိုင်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက်ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ဥာဏသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများ ပြန်လည်ဆောက်လုပ်မည့်မြေနေရာကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် မြို့ပတ်လမ်းဘေး သစ်ပင်များစိုက်ပျိုးထားရှိမှုနှင့် ဆင်သေချောင်းတစ်လျှောက် သီးနှံများစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိဆေးရုံ(ပင်လုံ)၌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရာဇသင်္ဘာအိမ်ရာ-၂၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော တောင်ကြီးလမ်းပိုင်း ပြန်လည်ပြုပြင်နေမှုနှင့် စက်စက်ယိုချောင်း ပြန်လည်တူးဖော်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။



မျိုးသီဟ(ပြန်/ဆက်)

ဟုမ္မလင်းမြို့နယ်ရှိ ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



မုံရွာ ဇွန် ၂၁

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့ မွန်းလွဲပိုင်း ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပြည်သူများ၏လူမှုစီးပွားဘဝနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ၏ထုတ်ကုန်များအား လွယ်ကူမြန်ဆန်စွာသယ်ယူပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံတော်မဟာမဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့ မွန်းလွဲပိုင်း ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာနတံတားဦးစီးဌာနတည်ဆောက်ရေးအဖွဲ့(၂)မှ လက်ထောက်ညွှန်ကြားရေးမှူးက ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်နေမှု၊ ချင်းတွင်းမြစ်အရှေ့ဘက်ခြမ်း ပင်မကျေးရွာနှင့် ထမံသီကျေးရွာ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတို့ရှိ တံတားကြီးတည်ဆောက်နေမှုလုပ်ငန်းများကို လည်းကောင်း၊ တိုင်းဒေသကြီး လမ်ဦးစီးဌာနမှ တံတားကြီး၏အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့ရှိ ချဉ်းကပ်လမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

အဆိုပါချင်းတွင်းမြစ်ကူးတံတား(ထမံသီ)သည် ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှိုးမြို့-ပန်ဆပ်-ဆွမ္မရာမြို့လမ်းပေါ်တွင် ချင်းတွင်းမြစ်အားဖြတ်၍ တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတားအခန်းပေါင်း ၁၅ ခန်း၊ ရေလမ်းကင်းလွတ် အမြင့် ပေ ၄၀ (HFL)ဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့တွင်ကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာလူငယ်များတွေ့ဆုံပွဲ ၂၀၂၅ သို့ မြန်မာကျောင်းသားလူငယ်အဖွဲ့ ပါဝင်တက်ရောက်မည်

နေပြည်တော် ဇွန် ၂၁

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့(Fukuoka) အခြေစိုက် အာရှ-ပစိဖိတ်ဒေသ ကလေးများဆိုင်ရာကွန်ဗင်းရှင်း(Asian-Pacific Children's Convention-APCC)မှဦးစီး၍ နှစ်စဉ်ဇူလိုင်လတွင်ကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာ လူငယ်များတွေ့ဆုံစခန်းချပွဲ(BRIDGE Summer Camp-2025) သို့ Junior Ambassador အဖြစ် မြန်မာနိုင်ငံမှ ကျောင်းသား၊ကျောင်းသူများပါဝင်တက်ရောက်ခွင့်ရရှိခဲ့သည်။ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း(MJA)မှ ဦးစီး၍ အခြေခံပညာကျောင်းသား၊ကျောင်းသူများဖြစ်ကြသည့် မောင်အောင်ဘုန်းမြတ်သာ၊ မောင်ကြည်စိုးဟန်၊ မောင်ဘုန်းမော်ကွန်း၊ မခိုင်ဝတ်ရည်မင်း၊ မကြည်ဖြူချမ်းလင်းနှင့် မဖြိုးမွန်မွန်မြင့်တို့အား ရွေးချယ်ဖွဲ့စည်းလေ့ကျင့်ပေးလျက်ရှိသည်။

အဆိုပါ ကျောင်းသား၊ ကျောင်းသူခြောက်ဦးအား Junior Ambassador အဖြစ် ရွေးချယ်အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ Awarding Ceremony အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သင်္ဘာဟိုတယ်၌ ကျင်းပရာ မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းမှဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။ ထို့နောက် မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက အသိအမှတ်ပြုလက်မှတ်များနှင့် ခရီးစဉ်အတွက် အထောက်အကူပြုပစ္စည်းများပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံမှ Junior Ambassador ခြောက်ဦးအား မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း၏ အထွေထွေအတွင်းရေးမှူးမှ အုပ်ချုပ်သူအဖြစ် ဦးစီးလိုက်ပါ၍ ဇူလိုင်လ ဒုတိယပတ်တွင် ဂျပန်နိုင်ငံ ဖူကူအိုကာမြို့ သို့သွားရောက်မည်ဖြစ်ပြီး ၁၀ ရက်ကြာ စခန်းချကာလအတွင်း အခြား အာရှ-ပစိဖိတ်ဒေသ ၄၂ နိုင်ငံမှ Junior Ambassador ၁၉၀ ဦးနှင့်အတူ စခန်းဝင်တွေ့ဆုံနေထိုင်ခြင်း၊ အသက်ရွယ်တူ ဂျပန်ကျောင်းသား၊ကျောင်းသူများ၏ ကျောင်းများသို့ အတူသွားရောက်လေ့လာတက်ရောက်ခြင်းနှင့် ဂျပန်ကျောင်းသား၊ ကျောင်းသူများ၏ နေအိမ်တွင် Home Stay နေထိုင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါတွေ့ဆုံပွဲသို့ အာရှ-ပစိဖိတ် ၄၂ နိုင်ငံ အနက် နိုင်ငံအများစုမှာ ကျောင်းသား၊ကျောင်းသူလေးဦးစီသာ ခွင့်ပြုပါဝင်ခွင့်ရရှိပြီး မြန်မာနိုင်ငံအပါအဝင် ၁၁ နိုင်ငံမှ ကျောင်းသား၊ ကျောင်းသူခြောက်ဦးစီပါဝင်တက်ရောက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။



မြဝတီ

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

စိုက်ပျိုးရေးဝါသနာရှင်များနှင့် နဂါးမောက်သီးစိုက်ပျိုးရေး

နွေပိတောက်

မြန်မာနိုင်ငံတွင်စိုက်ပျိုးသော နဂါးမောက်သီးပင်များကို ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံမှပျိုးပင်များ တင်သွင်းစိုက်ပျိုးခြင်းဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိ ဥယျာဉ်ခြံများဖြစ်သော ပုပွားနှင့် ရန်ကုန်ဥယျာဉ်ခြံတို့တွင် စတင်စမ်းသပ်စိုက်ပျိုး၍ဖြစ်ထွန်းသော သီးနှံတစ်မျိုးဖြစ်သည်။ နဂါးမောက်သီးကို ယခင်က ပုပွားတွင်သာတွေ့ရသည်။ ၂၀၁၄ ခုနှစ်တွင် တောင်ကြီး၊ မန္တလေး၊ မိတ္ထီလာ၊ ရန်ကုန်မြို့တို့တွင် စိုက်ပျိုးရောင်းချခဲ့ကြောင်းသိရသည်။ ယခုအခါတွင် မြန်မာပြည်အနှံ့ စိုက်ပျိုးလာကြောင်း တွေ့ရှိရသည်။ နဂါးမောက်သီးသည် အရွက်မရှိ၊ ပင်စည်တွင် အစာနှင့်ရေ သိုလှောင်ထားနိုင်သော တွယ်ကပ်ပင် အမျိုးအစားဖြစ်သည်။ နဂါးမောက်ပင်ကို အလှစိုက်ရန်အဖြစ်စိုက်ပျိုးကြသလို အသီးစားရန်လည်းစိုက်ပျိုးလာကြသည်။ နဂါးမောက်သီးတွင် တောက်ပသောအနီရောင်အခွံပျော့ရှိပြီး အစိမ်းရောင်ရွက်ဖက်များပါဝင်သည်။ အစိမ်းရောင်ရွက်ဖက်သည် အသီးရင့်မှည့်ပါက အနီရောင်သို့ အသီးခွံပျော့နှင့်အတူ ပြောင်းလာသည်။ အသီး၏ အတွင်းသားအရောင်မှာအဖြူရောင်၊ ကြက်သွေး၊ ခရမ်းရင့်၊ အနီ၊ အသားရောင်များဖြစ်လေ့ရှိကာ အနက်ရောင်အစေ့ငယ်များ ပါဝင်သည်။ နဂါးမောက်ပင်၏ အပွင့်သည်အလွန်လှပပြီး ညတွင်ပွင့်လေ့ရှိသည်။

မြန်မာအမည် – နဂါးမောက်သီး
အင်္ဂလိပ်အမည် – Dragon Fruit
ရုက္ခဗေဒအမည် – Hylocereus spp.၊ Selecereus spp.
မျိုးရင်းအမည် – Cactaceae

နဂါးမောက်သီးသည်မေလမှအောက်တိုဘာလ အထိအသီး ခုနစ်ကြိမ်မှ ရှစ်ကြိမ်ခန့်ထွက်ရှိ၍ တစ်နှစ်လျှင် ၅ လမှ ၆ လခန့်ဝင်ငွေရနိုင်သောကြောင့် စီးပွားရေးတွက် ခြေကိုက် သောသီးနှံ တစ် ခုဖြစ် သည်။ အပင်ပုံသဏ္ဌာန်၊ အသီးပုံသဏ္ဌာန်များလှပသောကြောင့်အလှပင်အဖြစ်လည်းစိုက်ပျိုးနိုင်သည်။

မူရင်းဒေသ

မျိုးစု(Hylocereus)အောက်တွင်မျိုးစိတ်ပေါင်း ၂၆ ခုရှိရာမျိုးစိတ်အလိုက် မူရင်းဒေသကွဲပြားသည်။ စီးပွားဖြစ်စိုက်ပျိုးနေသောမျိုးများ၏မူရင်းဒေသမှာ မက္ကဆီကိုနိုင်ငံအလယ်ပိုင်းဒေသဖြစ်သည်။

ရာသီဥတု

နဂါးမောက်ပင်၏မူရင်းဒေသမှာမိုးရေချိန် ၅၀ လက်မမှ ၈၀ လက်မခန့် ရရှိသောဒေသများဖြစ်သည်။

အခြားရှားစောင်းနွယ်ဝင်

အပင်များကဲ့သို့ သဲကန္တာရတွင်ပေါက်သောအပင်မျိုးမဟုတ်ပါ။ သို့သော် နှစ်စဉ်မိုးရေချိန် ၂၀ လက်မမှ ၅၀ လက်မရသော အပူပိုင်းဒေသ၊ အပူလျော့ပိုင်းဒေသများတွင် ရေလိုအပ်သလိုပေးသွင်းပြီး အောင်မြင်စွာ စိုက်ပျိုးနိုင်သည်။ အသင့်လျော်ဆုံးအပူချိန်မှာ ၂၁–၂၉ ဒီဂရီဆဲလ်စီးယက်ကြားဖြစ်သည်။ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယက်အထက်နှင့် ၁၀ ဒီဂရီဆဲလ်စီးယက်အောက်တွင် ရက်ကြာရှည်လျှင် အပင်များပျော့ပုပ်ရောဂါကျတတ်သည်။

မျိုးရွေးချယ်ခြင်းနှင့် အပင်အမျိုးအစား

မျိုးတူသော်လည်းပန်းပွင့်ခြင်း၊ အသီးသီးခြင်းနှင့် အသီးအရည်အသွေးကွာခြားနိုင်သည်။ သို့ဖြစ်၍ သီးလုံးကြီး၍သီးထွက်ကောင်းသောအပင်မှကျန်းမာသန်စွမ်းပြီး ခြောက်လမှနှစ်နှစ်သက်တမ်းရှိ အစိမ်းရင့်ရောထိုက်သည့်ရှည်လျားသောအကိုင်းများကို ပျိုးကိုင်းအဖြစ်ဖြတ်ယူရမည်။ ပျိုးကိုင်းအရှည်သည် ၁ ဒသမ ၅ ပေမှ ၂ ပေရှိရမည်။

သစ်ပင်၊ သစ်သား၊ ကျောက်တုံးများတွင် တွယ်ကပ်၍လည်းကောင်း၊ မြေပေါ်တွင်တွားသွား၍လည်းကောင်းပေါက်ရောက်နိုင်သည်။ ပင်စည်သုံးမြွှောင့်ပုံရှိသည်။ ပင်စည်အနားတွင် ဆူးများရှိသည်။ မျိုးကိုလိုက်၍ပင်စည်စောင်းပုံစံ၊ ဆူးပုံစံ၊ ဆူးအရေအတွက်ကွာခြားသည်။ ၆ လမှ ၈ လသားရှိသောအကိုင်းများမှအသီးသီးနိုင်သည်။ ညပိုင်းတွင်ပန်းပွင့်သည်။ နံနက်နေထွက်လာလျှင်ပန်းပွင့်များညှိုးသွားသည်။ အတွင်းသားအဖြူမျိုးတွင် ပွင့်ဖက်အစိမ်းရောင်၊ ပွင့်ချပ်နှီးနှစ်ရောင်ရှိသည်။ အတွင်းသားခရမ်းနီရောင်မျိုးသည် ပွင့်ဖက်နီညိုရောင်၊ ပွင့်ချပ်သည်အနီရောင်သန်းသောနှီးနှစ်ရောင်ဖြစ်သည်။ အသီးပတ်လည်တွင် နဂါးအမောက်ကဲ့သို့ထောင်နေသော အဖက်များရှိသည်။ ယခုလက်ရှိအဓိကစိုက်ပျိုးလျက်ရှိသော နဂါးမောက်သီးမျိုးများမှာ အတွင်းသားအဖြူမျိုးနှင့် အတွင်းသားအနီမျိုးတို့ဖြစ်သည်။

အပင်ပြုစုခြင်း

အပင်များစိုက်ပြီး တစ်လခွဲခန့်ကြာလျှင် အညွှန့်အသစ်များထွက်လာမည်ဖြစ်သည်။ အကောင်းဆုံးအညွှန့်တစ်ညွှန့်ကို တိုင်ထိပ်ရောက်အောင်မွေးပါ။ ကျန်အညွှန့်များကို ဖြတ်ပစ်ပါ။ အညွှန့်တိုင်ထိပ်ကျော်သွားလျှင် အောက်သို့ပြန်ကွေးကျလာသည်။ တိုင်ထိပ်ကွေးသောနေရာမှ အညွှန့်အသစ်များထွက်လာမည်။ ၎င်းအညွှန့်အသစ်များကို သီးကိုင်းအဖြစ်မွေးရမည်။ အကိုင်းများအားလုံးသည် တိုင်ထိပ်မှအောက်သို့ကွေးကျနေရမည်။ သို့မှသာအသီးသီးနှုန်း ပိုကောင်းသည်။ အကိုင်းများ ၆ လမှ ၈ လသားခန့်ရှိလျှင် အသီးသီးသည့်ရာသီရောက်ပါကအသီးများသီးလာသည်။ အညွှန့်သစ်များမွေးစဉ်အစာနှင့်ရေလုံလောက်ရမည်။ မလုံလောက်ပါက ဆစ်ကြားများတိုပြီး အသီးထွက်လျော့နည်းနိုင်သည်။ နဂါးမောက်သီးမတင်ရသည့် အကြောင်းရင်းကတော့ အများကြီးရှိနိုင်သည်။

မြေအမျိုးအစားနှင့် ပတ်ဝန်းကျင်မြေနေရာအနေအထား

ရေစိမ့်မှုကောင်းသောသဘာဝမြေဆွေးများစွာပါသော နုန်းမြေ၊ မီးသင့်ကျောက်မြေ၊ ဂဝံမြေ၊ မြေနီများတွင် ကောင်းစွာဖြစ်ထွန်းသည်။ pH ၅ ဒသမ ၅ – ၇ ဒသမ ၅ အတွင်းကောင်းစွာဖြစ်ထွန်းသည်။ မြေစေးတွင်အပင်ဖြစ်ထွန်းမှုနှေးကွေးပြီး အသီးသီးမှုနောက်ကျသည်။

နေရာနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေရှိသည့်တစ်ခုအနေဖြင့် နဂါးမောက်သီးပင်သည် နေရောင်ကိုကြိုက်သည်။ နေရောင်များများရလျှင် အသီးပိုသီးလေ့ရှိသည်။ နဂါးမောက်သီးတင်မက အပင်အများစုသည် ထိုနည်းအတိုင်းပင်ဖြစ်သည်။ စိုက်မည်ဆိုလျှင် နေရောင်ရမရအရင်ကြည့်ရသည်။ နောက်တစ်ချက်မှာ နဂါးမောက်ပင်သည်ရေဝပ်သည်ကို မကြိုက်ပါ။ နဂါးမောက်ပင်စိုက်မည်ဆိုလျှင် ကုန်းမြင့်သည့်နေရာ သို့မဟုတ် ရေထုတ်၍ကောင်းသည့်နေရာတွင် စိုက်ပေးရမည်။ သူက ရှားစောင်းမျိုးနွယ်ဝင်အပင်ဖြစ်သည့်အတွက်ကြောင့် ရေတံဒဏ်ကို ခံနိုင်ရည်ရှိသည်။ နောက်တစ်ခုမှာ လေဝင်လေထွက်ကောင်းသည့်နေရာဖြစ်ရန်လိုသည်။ အလွန်ပိတ်လှောင်လွန်းသည့်နေရာမျိုးတွင် အသီးတင်လေ့မရှိပါ။ မသန်စွမ်းသည့်ကိုင်းများ၊ အလွန်ကျပ်နေသည့်ကိုင်းများကို ဖြတ်ပေးသင့်သည်။ အသီးတင်ရန်လိုအပ်သည့် အာဟာရများကို အဆိုပါကိုင်းများသို့ပို့ပေးလိုက်ရသည့်အခါ အသီးတင်နိုင်မှလျော့နည်းသွားနိုင်သည်။

အပင်အာဟာရ

အသီးမတင်ရခြင်း၏ နောက်အကြောင်းရင်းတစ်ခုမှာ ပိုတက်ဆီယမ်ချို့တဲ့နေ၍လည်းဖြစ်နိုင်သည်။ စိုက်ပျိုးသူအများစုသည် ထိုအာဟာရဓာတ်ကို မေ့နေတတ်ကြသည်။ သူ့ရဲ့လုပ်ဆောင်မှုက အပြင်ပိုင်းကမြင်ရမှုကို သိပ်မသိသာသောကြောင့်ဖြစ်သည်။ ဥပမာ နိုက်ထရိုဂျင် (ပုလဲဓာတ်မြေဩ)ဆိုလျှင်



ထည့်လိုက်သည်နှင့်အပင်က မြန်မြန်စိမ်းလာသည်။ ပိုတက်ဆီယမ်၏လုပ်ဆောင်ချက်သည် အသီးများတင်စေရုံမကပါ။ အသီးများကို ချိုအောင်လုပ်ဆောင်ပေးနိုင်ပါသေးသည်။ ပိုတက်ဆီယမ်ကို မည်သည်ကရနိုင်မည်နည်း။ ပိုတက်ဆီယမ်ကို မြန်မာဘာသာပြန်ဆိုလျှင် ပြာဓာတ်ဟု ပြန်လေ့ရှိကြသည်။ မီးဖိုချောင်ထဲမှ ထွက် သည့်ပြာများကို ထည့်ပေးခြင်းဖြင့် ပိုတက်ဆီယမ်ဓာတ်ကို ထည့်ပြီးသားဖြစ်သည်။ ကျေးလက်ကရွေးလူကြီးများသည် ယခုကဲ့သို့ပြုလုပ်ပေးလေ့ရှိသည်။ နောက်တစ်ခုမှာ မြေဆွေး၊ သဘာဝမြေဩဇာတို့မှရရှိသည်။ ဒါတွေကတော့ ပိုတက်ဆီယမ်တွင်မကပါဘူး အပင်အတွက်လိုအပ်သည့် အာဟာရစုံရရှိသည်။ တီကျစ်စာ၊ အရိုးမှုန့်ကဲ့သို့သော သဘာဝမြေဩဇာများ ထည့်ပေးသင့်သည်။ သဘာဝမြေဩဇာများကိုထည့်သည့်အခါ ပန်းမပွင့်ခင်နှစ်လ၊ သုံးလခန့်ကြိုတင်၍ ထည့်ပေးသင့်သည်။ ရှမ်းမောမြေမှထုတ်လုပ်သော ရွက်စိမ်းအားဆေး၊ တီဆေးရည်ကဲ့သို့သော သဘာဝရွက်ဖျန်းအားဆေးများဖျန်းပေးနိုင်သည်။ ရွက်ဖျန်းအားဆေးဖျန်းသည့်အခါတွင် နေသာသည့်နေ့မျိုးတွင် ဖျန်းပေးသင့်သည်။

ဝတ်မှုန်ကူးခြင်း

အသီးတင်မှုအားကောင်းစေရန်အတွက် ပန်းပွင့်ချိန်တွင် ဝတ်မှုန်ကူးပေးသင့်သည်။ ပျား၊ ပိတုန်းတို့ဖြင့် ဝတ်မှုန်ပျံ့နှံ့နိုင်သော်လည်း နဂါးမောက်ပန်းပွင့်ချိန်မှာ ညပိုင်းဖြစ်၍မထိရောက်ပေ။ ထို့ကြောင့် ညပိုင်းတွင် (ည ၈ နာရီခန့်) ပန်းပွင့်လေ့ရှိပြီး ထိုအချိန်တွင် အဖို ဝတ်မှုန်များအားယူ၍ အမပန်းပွင့်ပေါ် တင်ပေးခြင်းဖြင့် ဝတ်မှုန်ကူးနိုင်သည်။ ဝတ်မှုန်ကူးပြီးပါက ပန်းပွင့်အားပလတ်စတစ်အိတ်ဖြင့် မိုးရေလုံအောင် စွပ်ထားပေးသင့်သည်။ အတိအကျပြောရလျှင် အမပန်းပွင့်မှာ နံနက်နေမထွက်ခင်မှာ ပွင့်သောကြောင့် အဖိုဝတ်မှုန်ကို ညဦးပိုင်းတွင်ယူထားပြီး နံနက်နေမထွက်ခင်တွင် ဝတ်မှုန်ကူးပေးခြင်းဖြင့် အသီးတင်မှုကိုပိုမိုအောင်မြင်စေသည်။

စိုက်ပျိုးနည်းနှင့်ပျိုးထောင်နည်း

ဖြတ်ပြီးပျိုးကိုင်းများကိုအရိပ်အောက်တွင်တစ်ပတ်ခန့်ထားပြီးမှပျိုးပေါင်တွင် သို့မဟုတ် ပျိုးအိတ်တွင် ပျိုးထောင်ပါ။

ပင်ကြား၊ တန်းကြား ၉ ပေ x ၉ ပေ သို့မဟုတ် ၉ ပေ x ၁၂ ပေ ထား၍တစ်တိုင်ချင်းစနစ်ဖြင့် လည်းကောင်း၊ ၁၀ ပေ x ၁ ဒသမ ၅ ပေ သို့မဟုတ် ၁၂ ပေ x ၁ ဒသမ ၅ ပေ နှစ်တန်းပြိုင်စနစ်ဖြင့် လည်းကောင်းစိုက်ပျိုးနိုင်သည်။ တစ်တိုင်ချင်းစနစ်တွင် ကွန်ကရစ်တိုင်ထိပ်တွင်အကိုင်းများ တွဲခိုကျနိုင်ရန် ၁ ဒသမ ၅ ပေ ပတ်လည်သံကွင်းများပြုလုပ်ထားရမည်။ တိုင်ခြေမှခြောက်လက်မခွာပြီး ၁ ပေ x ၁ ပေ x ၁ ပေ စိုက်ကျင်း လေးကျင်းတူးပါ။ စိုက်ကျင်းတစ်ကျင်းလျှင် နွားချေးဆွေးတစ်ပြည်၊ စပါးခွံတစ်ပြည်၊ ဖွဲပြာတစ်ပြည်၊ ၁၅:၁၅:၁၅ ကွန်ပေါင်းဓာတ်မြေဩဇာ ၅၀ ဂရမ်၊ ဖျူရာဒန်နှစ်ဇွန်းကို မြေနှင့်သမအောင်ရောချ၍ ကျင်းအပြည့်ဖြည့်ပါ။ ရေဝအောင်လောင်းပါ။ တိုင်တစ်တိုင်လျှင်အပင်လေးပင်စိုက်ပါ။ မိုးများသောဒေသတွင် ပေါင်ပြုလုပ်၍စိုက်ပါ။ ပျိုးပင်ကို တိုင်ဖြင့်ကပ်ချည်ပေးရမည်။ မြေအမျိုးအစားအလိုက် ၅ ရက်မှ ၁၀ ရက်ခြား တစ်ကြိမ်ရေလောင်းပေးပါ။ အကောင်းဆုံး စိုက်ပျိုးချိန်မှာ မေလမှ ဇွန်လဖြစ်သည်။

ပေါင်းမြက်ရှင်းလင်းခြင်း

နဂါးမောက်မြစ်များသည် မြေအပေါ်ယံတွင်ရှိခြင်းကြောင့် ပေါက်ပြားဖြင့်ပေါင်းပေါက်ခြင်းကို ရှောင်ကြဉ်ရမည်။ လက်ပေါင်းလိုက်ခြင်းဖြင့်သာ ပေါင်းရှင်းပေးသင့်သည်။

စာမျက်နှာ ၈ သို့ ●

● **စာမျက်နှာ ၇ မှအဆက်**

မြေဩဇာထည့်သွင်းပေးခြင်း

စိုက်ပြီးသုံးလတွင်နွားချေးမြေဩဇာကို တိုင်တစ်တိုင်ရှိအပင်များအတွက် ရှစ်ပြည့်နှုန်းထည့်ပေးပါ။ N:P:K (၁၅:၁၅:၁၅)ရှိသောဓာတ်မြေဩဇာကိုတစ်တိုင်ရှိအပင်များအတွက် ၅၀ ဂရမ်နှုန်းလစဉ်ကျွေးပေးပါ။ အာဟာရဓာတ်များကို အညွှန့်နုများထွက်ချိန်ဖျန်းပေးပါ။ စိုက်ပြီးသုံးနှစ်သားမှစ၍ဓာတ်မြေဩဇာကို တစ်တိုင်တွင်ရှိသော အပင်များအတွက် အောက်ပါနှုန်းထားကိုတစ်လနှစ်ကြိမ်ခွဲကျွေးပါ။ အသီးများသီးသည့်အကြိမ်တိုင်းနှင့် အညွှန့်နုများထွက်ချိန် အာဟာရဓာတ်များဖျန်းပါ။

စဉ်	လအမည်	နွားချေး(၁၅:၁၅:၁၅)	ပိုတက်
၁	နိုဝင်ဘာ	၁ တင်း	၂၀၀ ဂရမ်
၂	ဒီဇင်ဘာ		၁၀၀ ဂရမ်
၃	ဖေဖော်ဝါရီ		၂၀၀ ဂရမ်
၄	ဧပြီ		၁၀၀ ဂရမ်
၅	မေ	၂၀၀ ဂရမ်	၅၀ ဂရမ်
၆	ဇွန်		၁၀၀ ဂရမ်
၇	ဇူလိုင်	၁၀၀ ဂရမ်	၅၀ ဂရမ်

ပိုးမွှားရောဂါ

အဓိကဖျက်ပိုးမှာ ပုရွက်ဆိတ်ဖြစ်သည်။ မိုးများသောဒေသများတွင် ခရုများဖျက်ဆီးသည်။ ပင်စည်ပုပ်ရောဂါ၊ အမြစ်ပုပ်ရောဂါ၊ အသီးပုပ်ရောဂါများကျရောက်တတ်သည်။

အကိုင်းဖြတ်ခြင်း

အသီးရာသီကုန်ဆုံးသော နိုဝင်ဘာလတွင် အကိုင်းများဖြတ်ပေးရမည်။ ညပ်နေသောအကိုင်းများ၊ သက်တမ်းနှစ်နှစ်ရှိသောကိုင်းများကို ဖြတ်ပေးရမည်။ အကိုင်းများမဖြတ်ခင် ရေဝပ်ကျင်းပြင်ခြင်း၊ အပင်အစာကျွေးခြင်းများ ဆောင်ရွက်ရမည်။ နဂါးမောက်ပင်သည် မိုးရာသီတွင် အသီးသီးပြီး ဆောင်းရာသီတွင် ပင်ပိုင်းကြီးထွားသည်။ ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလတို့တွင် အညွှန့်သစ်များထွက်လာပြီး မတ်လ၊ ဧပြီလတို့တွင် အကိုင်းများရင့်လာသည်။ မေလနှင့်ဇွန်လတို့တွင် ငှက်အကိုင်းများမှအသီးများသီးလာမည်။

အသီးဆွတ်ခူးခြင်း

နဂါးမောက်သည် အလင်းရောင် ၁၂ နာရီထက်ကျော်သောကာလများတွင် သီးပွင့်သည်။ အကိုင်း၏ဆူးများအောက်မှပန်းဖူးထွက်လေ့ရှိသည်။ အဖျားပိုင်းတွင် အသီးပိုသီးသော်လည်းအရင်းပိုင်း၊ အလယ်ပိုင်းများမှလည်း သီးနိုင်သည်။ ပန်းဖူးစထွက်ပြီး ၁၅ ရက်ကြာလျှင် ပန်းပွင့်သည်။ ပန်းပွင့်ပြီး ၃၀-၄၅ ရက်ကြာလျှင် အသီးများရင့်မှည့်သည်။ အသီးခွံများအနီရောင်စပြောင်းလျှင် ခူးဆွတ်နိုင်သည်။ အနီရောင်စပြောင်းပြီး လေးရက်ကြာမှ ခူးခြင်းသည် အသီးအရည်အသွေးအကောင်းဆုံးဖြစ်ပြီး ရောင်းတမ်းဝင်သောအသီးများရရှိနိုင်ပေသည်။

ထို့ကြောင့်တောင်သူဦးကြီးများသာမက ဥယျာဉ်လုပ်ငန်းလုပ်ကိုင်သူများပါ စီးပွားရေးအရ စိုက်ပျိုးသင့်ပေသည်။ နဂါးမောက်သီးသည် စိုက်ပျိုးသူများလာပါက သင့်တင့်သောဈေးနှုန်းဖြင့် ဈေးကွက်တွင်ပေါများလာနိုင်သောကြောင့် လူတိုင်းစားသုံးလာနိုင်မည်ဖြစ်ပေသည်။ ကျန်းမာရေးအရလည်း အကျိုးပြုဓာတ်များစွာပါဝင်သောကြောင့် နဂါးမောက်သီးကို လူတိုင်းစားသုံးသင့်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ကိုးကား

စိုက်ပျိုးရေးဦးစီးဌာန

အစိမ်းရောင်လမ်းစိုက်ပျိုးရေးဂျာနယ်

ပြတ်ရွှေ့ဟူငြား သတိထားစို့

- မြန်မာ့မြေအောက် ခြောက်မိုင်လောက် ရွှေ့ကျောက်နှစ်ပြား တိုက်နေသည်။
- မြေသားပြတ်ရွှေ့ ကြားမစေ့ နှစ်ပြားတွေ့၍ ပွတ်တိုက်သည်။
- ပွတ်တိုက်ဖြစ်စဉ် ပတ်ဝန်းကျင် မြေငလျင်ဟုခေါ်ကြသည်။
- ငလျင်မြေလှုပ် တစ်မုဟုတ် လူလုပ်ပစ္စည်းပျက်ကြသည်။
- ဥတုကာလ သဘာဝ လဲကျသူများပြန်ထမည်။
- မြန်မာ့မြေပေါ် ပြိုင်စံကျော် နိုင်ငံတော်ဟုတည်ထောင်သည်။
- တိုင်းပြည်လူထု ပြည်ထောင်စု ရတုနှစ်များကျော်ခဲ့ပြီ။
- ယခုအခါ ပြည်မြန်မာ နေရာဒေသစွဲကြသည်။
- သူ့ပြည်နယ်သား ကိုယ့်ပြည်သား ပိုင်းခြားပြတ်ရွှေ့ဖော်နေသည်။
- ပြတ်ရွှေ့ဟူငြား သတိထား ရင်ကြားစေ့မှတည်ငြိမ်မည်။
- မြေအောက်ငလျင် ပမာတင် ဆင်ခြင်ငါတို့စည်းလုံးညီ။
- မိသားစုသွင် ချစ်ချစ်ခင် ပျော်ရွှင်မခွဲနွေးထွေးမည်။
- မြန်မာ့မြေတွင် ထာဝစဉ် တူယှဉ်လက်တွဲရှေ့သို့ချီ။ ။

မောင်ရေမွှေး(ပေလေးပင်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၆-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ရှိုင်းကော်	ဟားခါး
92 Ron	၂၉၆၀	၃၀၇၀	၃၀၄၀	၂၉၇၅	၃၀၈၀	၃၀၉၅	၃၀၁၀	၃၀၃၀	၄၇၀၅	၃၃၂၅	၃၀၄၅	၃၀၅၀	၃၁၂၀	၃၀၈၅	၃၁၀၅	၃၃၆၀
95 Ron	၃၀၃၀	၃၀၄၅	၃၁၁၀	၃၀၄၅	၃၁၅၀	၃၀၆၅	၃၁၀၅	၃၀၀၅	၄၇၆၀	၃၃၉၅	၃၁၂၀	၃၁၃၀	၃၁၉၀	၃၁၅၅	၃၁၈၀	၃၄၃၅
HSD (500 ppm)	၂၅၅၀	၂၆၁၅	၂၅၈၀	၂၅၁၅	၂၆၂၀	၂၆၃၅	၂၆၅၅	၂၅၇၀	-	၂၈၆၅	၂၅၉၀	၂၅၉၀	၂၆၆၀	၂၆၂၅	၂၆၅၀	၂၉၀၅
HSD (50 ppm)	၃၁၀၀	၃၂၁၅	၃၁၈၀	၃၁၁၅	၃၂၂၀	၃၂၃၅	၃၂၅၅	၃၁၇၀	-	၃၄၆၅	၃၁၉၀	၃၁၉၀	၃၂၆၀	၃၂၂၅	၃၂၄၅	၃၅၀၅
HSD (10 ppm)	၃၁၀၀	၃၂၁၅	၃၁၈၀	၃၁၁၅	၃၂၂၀	၃၂၃၅	၃၂၅၅	၃၁၇၀	-	၃၄၆၅	၃၁၉၀	၃၁၉၀	၃၂၆၀	၃၂၂၅	၃၂၄၅	၃၅၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၉၀	၂၈၈၀
95 Ron	၂၈၆၁	၂၉၁၂
HSD (500 ppm)	၂၄၄၇	၂၄၂၄
HSD (50 ppm)	၂၉၂၉	၃၀၁၇
HSD (10 ppm)	၂၉၂၉	၃၀၁၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့်သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၁၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၁၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း

လုပ်ငန်းကြီးကြပ်ရေးကော်မတီ

MWD Education, Knowledge & Sports Channel

၂၂-၆-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀ – ၀၉:၅၀ Grade – 11 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ

၂။ ၁၂:၀၀ – ၁၃:၅၄ Grade – 11 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ

၃။ ၁၆:၀၀ – ၁၈:၄၀ Grade – 11 ရူပဗေဒ၊ ဇီဝဗေဒ

၄။ ၁၈:၄၀ – ၁၉:၄၁ Grade – 11 ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ

ကျေးလက်ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

မြိတ် ဇွန် ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျွဲကူးကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ဇွန်လ ၂၁ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင်တင်စိုး၊ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျွဲကူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါရကုမ္ပဏီများက လက်ရှိလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်လုပ်ငန်းတိုးတက်မှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီအချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးရန် မှာကြားသည်။

မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ အရှည် ၂၉၄၄ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၇ လက်မရှိသော ကျေးလက်ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းလမ်းအပိုင်း(၂)ကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၈၀ ဒသမ ၄၅ သန်းဖြင့် ထူးထူးထက်ကုမ္ပဏီကတာဝန်ယူ၍ ဇွန်လ ၁၆ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ ၂၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျွဲကူးကျေးရွာရှိ တောင်သူ ၁၅၀ ဦးတို့ပိုင်ဆိုင်သော လယ်ယာစိုက်ပျိုးမြေဧက ၂၆၀၀ မှထွက်ရှိမည့် ထွက်ကုန်သီးနှံများဈေးကွက်သို့ အချိန်တိုအတွင်းတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်းသိရသည်။ **ကိုညီ(ကျေးလက်)**

အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ဘားအံ ဇွန် ၂၁

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် ဘားအံမြို့ လှာကမြင်ကွက်သစ် ဇွဲကပင်အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်း အသင်းခုနစ်သင်းမှ အားကစားသမားများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားကာ ပိုက်ကျော်ခြင်းအားကစားအသင်းတစ်သင်းလျှင် ငွေကျပ်သိန်း ၂၀ စီပေးအပ်သည်။

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဘားအံမြို့နယ်အသင်းနှင့်မြဝတီမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘားအံမြို့နယ်အသင်းမှ ၂ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိသည်။ အဆိုပါပြိုင်ပွဲကို ဇွန်လ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ ပိုက်ကျော်ခြင်းအားကစားဝါသနာရှင်များနှင့် ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြောင်း သိရသည်။ (၄၀၆)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန် တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၃၅၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၄၆၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၅၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၀၇၊ ၀၉-၂၅၅၀၀၂၅၁၀၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မှန်မှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

နိုင်ငံဂုဏ်ရည်

❖ **တို့တိုင်းဌာနီ**၊ မြန်မာပြည်တည့်
ဖြာသည်အလင်း၊ အေးမြခြင်းလျှင်
လမင်းတစ်ရာ၊ မက သာတည့်
ထေရာဝါဒ၊ မြတ်ဗုဒ္ဓ၏
ဓမ္မရောင်ခြည်၊ လွှမ်းပတ်စည်သော်
စေတီခပင်း၊ ရွှေရည်ဝင်းအောင်
မင်းနှင့်ပြည်သူ၊ သဒ္ဓါတူလျက်
ပူဇော်အထွတ်၊ ပြည်လုံးညွတ်လျှင်
တုလွတ်ကင်းစင်၊ သမိုင်းစဉ်ဝယ်
နှိုင်းယှဉ်ရာမဲ့၊ သာပေခဲ့မို့
အိုဘယ့်မြန်မာ၊ တင့်မောစွာဟု
သူငါ ချီးအံ့၊ ကမ္ဘာနှံ့တွင်
လှိုင်ပျံ့ ထုံကြည် သင်းတကား။

❖ **ညို့မှိုင်း ဖြာစည်**၊ တို့ တိုင်းပြည်တည့်
ဤမှာ ကောက်နှံ၊ ဖွံ့ထားသန်လျက်
သယံဇာတ၊ သဘာဝလည်း
ကြွယ်ဝ ဤမြေ၊ ပေါပြည့်ပေ၏
စိန်ရွှေ ကျောက်မျက်၊ ဖိတ်ဖိတ်လက်ကာ
စဉ်ဆက် မြေးသား၊ ပိုင်ဆိုင်သွားဖို့
ဘိုးဘွားအမွေ၊ ငါတို့မြေတည့်
နေ ရေ လေနှင့်၊ အခြေသင့်ကာ
တောနှင့်ဂနိုင်၊ စုံမြိုင်တင့်ကောင်း
ဥဒေါင်းလည်ဆန်၊ မြီးဝန်းဖြန့်၍
က အံ့ရွယ်ရည်၊ နေဘိသည်သို့
ဤမြေ ရိပ်မြိုင်၊ လှချင်းပြိုင်သည်
ခိုင်သန့် စုံညီဝင်းတကား။

❖ **မြို့တိုင်း ရွာပြည်**၊ သာယာစည်ကာ
ညီညွတ်စုစည်း၊ တစ်သွေးတည်းပင်
ပြည်ကြီး ဂုဏ်တင့်၊ မျိုးဂုဏ်မြှင့်ဟု
ထောက်ချင့် ရည်မျှော်၊ တပ်မတော်က
နှိုးဆော်လမ်းဖွင့်၊ ဦးဆောင်လင့်သော်
မြင့်မြတ်အတွေး၊ ပြည်သူတွေးကာ
လေးနက်အမြင်၊ ပြည်သူမြင်လျက်
ပြည်ခွင်အကျိုး၊ ထမ်းသယ်ပိုးရန်
အမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်တို့
ပြည့်သိပ် နိုးကြား၊ နှလုံးသားမှ
ဆီးတား မရပ်၊ စဉ်မပြတ်လျှင်
စိတ်ဓာတ်ခိုင်ကြံ့၊ ပြည်လုံးဖွံ့သည်
နိုင်ငံဂုဏ်ရည် လင်းတကား။ ။

မြင်းမူမောင်နိုင်မိုး


၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade-12 ကျောင်းသား၊ ကျောင်းသူများ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဆက်လက်ဖြေဆို



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် Grade-12 ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



မန္တလေးတိုင်းဒေသကြီး၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် Grade-12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။





နေပြည်တော်ကောင်စီနယ်မြေ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် Grade-12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ပညာတတ်အရင်းအမြစ်များ ပေါကြွယ်ဝရေးအတွက် မျိုးဆက်သစ် ကျောင်းသားလူငယ်များ၏ ပညာရေး ကဏ္ဍတိုးတက်မြင့်မားရေးကို အဓိကထား အလေးပေး ဆောင်ရွက်လျက်ရှိသည်နှင့် အညီ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများအား ဇွန်လ ၁၆ ရက်မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များမှ စာစစ်ဌာနအသီးသီး၌ စာမေးပွဲများ ကျင်းပပေးလျက်ရှိသည်။

ယနေ့တွင်သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲဆင္မမနေ့တွင် **ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်**တို့ကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ကျောင်းသူ ၆၂၇၈၅ဦး (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း)ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး စကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

“ပထမအကြိမ်ဖြေဆိုခဲ့တဲ့ အချိန်တုန်းက အကောင်းဆုံးပြင်ဆင်ခဲ့ပေမယ့် ကိုယ့်ကိုယ်ကိုယ်အားမရခဲ့ပါဘူး။ အဲ့ဒီအားမရခဲ့တဲ့ဘာသာရပ်တွေကို ဒီတစ်ခေါက်မှာ ပို့ပြီး တော့ ဖြည့်စွက်ပြင်ဆင်ခဲ့ပြီးတော့ ပြန်လည်ဖြေဆိုခဲ့ပါတယ်။ အခုလိုမျိုး အကောင်းဆုံးပြန်လည်ဖြေဆိုနိုင်အောင် ကျောင်းသားတွေအတွက် တချို့ကျောင်းတွေမှာ Camp တွေသွင်းပြီး လေ့ကျင့်သင်ကြားပေးပါတယ်။ ကျောင်းသားတွေအတွက် အကောင်းဆုံးလုပ်ဆောင်ပေးပါတယ်။ အခုလိုမျိုး လုပ်ကိုင်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးအထူးပဲတင်ရှိပါတယ်လို့ ပြောကြားချင်ပါတယ်”ဟု ပြောသည်။



စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စာမေးပွဲများကျင်းပနေသည့် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျစီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇွန် ၂၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅ ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ပဲခူးမြို့နယ်တို့အတွင်းရှိမြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/၈၆)**

(၃၈)ဖြာမင်္ဂလာ

ပိတိစားသူ(ဒါနဥစ္စ)

ကိုဇော်ဌေး(ယဉ်ကျေးမှု)



ထိုနေ့က လေးလေးချစ်တိုးနှင့်စိုးသူတို့ ရွှေဆံတော်ဘုရားသို့ သွားဖူးကြသည်။ ဘုရားရင်ပြင်တော်ကို တစ်ပတ်ပတ်ပြီး အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်းအတွင်း၌ စိုးသူတို့ နားလိုက်ကြသည်။

"ပြည်ရွှေဆံတော်စေတီဟာ ထီးတော်နှစ်ထပ်နဲ့နော်"

လေးလေးက ရွှေဆံတော်စေတီထီးတော်ကို လှမ်းကြည့်ရင်း သူ့ဘာသာရေရွတ်လိုက်သဖြင့် စိုးသူလည်း ထီးတော်ကို လှမ်းဖူးလိုက်မိသည်။

" ရွှေဆံတော်ဘုရားနဲ့ပတ်သက်ပြီး ပျူလူမျိုးတွေရဲ့ ကိုးကွယ်ယုံကြည်မှုတွေက အံ့သြစရာပဲ စိုးသူလေးရ"

လေးလေးက ထီးတော်ကိုလှမ်းဖူးပြီး မည်သို့အတွေးပေါက်သွားသည်မသိ စိုးသူကို လှည့်ပြောလာလေသည်။

"ပျူတွေဟာ ဒီရွှေဆံတော်ဘုရားကို တက်ရောက်ဝတ်ပြုကြတဲ့အခါမှာ ဥပုသ်နေ့ကျမှ ဘုရားရဲ့အထက်ရင်ပြင်ကိုတက်ပြီး ဝတ်ပြုလေ့ရှိကြတယ်တဲ့၊ ကျန်တဲ့နေ့တွေမှာတော့ အောက်ရင်ပြင်မှာရှိတဲ့ ပျူ-ပန်းတင်ခုံကသာ ဝတ်ပြုကန်တော့ပြီး ပြန်သွားလေ့ရှိတယ်တဲ့၊ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ဆံတော်ဓာတ်တော်တွေဟာ ဥပုသ်နေ့မှာ အထက်ဌာပနာသို့တက်ရောက်ကိန်းဝပ်တော်မူပြီး ကျန်နေ့တွေမှာ အောက်ဌာပနာမှာ ကိန်းဝပ်နေလို့တဲ့"

လေးလေးက စကားကိုခဏနားလိုက်သည်။ စိုးသူက လေးလေးစကားကို နားထောင်နေမိသည်။

" ပျူတွေရဲ့ ပေးကမ်းလှူဒါန်းမှုတွေဟာလည်း ကြက်ပျံမကျစည်ကားတဲ့ ဒီ သရေခေတ္တရာမြို့ကြီးမှာ ထိုးမောင်းသံ၊ ကြေးစည်သံတွေနဲ့ညံနေတာပဲ လို့ပြောကြတယ်"

"ဒါဆို... မှော်ဇာသားဖြစ်တဲ့ ကျွန်တော်က ဂုဏ်ယူနေရတော့မှာပေါ့နော် လေးလေး"

စိုးသူစကားကြောင့်လေးလေး အားရပါးရရယ်မောလိုက်သည်။

"ကဲ မှော်ဇာသားလေးရေ၊ သရေခေတ္တရာက ပျူလူမျိုးတွေလို စိုးလေးနဲ့ဦးလေး ဒါနပြုလိုက်ကြရအောင်ကွာ"

လေးလေးက အင်္ဂျီအိတ်ထဲမှ ပိုက်ဆံထုတ်လိုက်သည်။ စိုးသူကိုလှမ်းပေးရင်း နှစ်ယောက်သား အလှူခံပုံးထဲသို့ ထည့်လိုက်ကြသည်။

"ဒါနဆိုတာ များများပေးရင် များများရတယ်၊ နည်းနည်းပေးရင် နည်းနည်းပဲရတယ်ကွ၊ ဥပမာ ရထားစီးရင် ပိုက်ဆံများများပေးရင်တော့ အထက်တန်းမှာစီးရတယ်၊ ပိုက်ဆံနည်းနည်းပေးရင် ရိုးရိုးတန်းတွဲမှာပဲ စီးရသလိုပေါ့ကွာ"

လေးလေးကဦးဆောင်၍ စိုးသူတို့ထိုင်ရာမှ ထလိုက်ကြသည်။

"ဝတ္ထု၊ ပစ္စည်း၊ ငွေကြေးလှူမှ ဒါနမည်တာမဟုတ်ဘူး၊ စေတနာပါရင်လည်း ဒါနဖြစ်တာပဲ၊ လာ... တို့နှစ်ယောက် တံမြက်စည်းလှည်းရအောင်"

လေးလေးက ဦးဆောင်၍ အရှေ့ဘက်မုခ်တန်ဆောင်းအတွင်း၌ သန့်ရှင်းရေးပြုလုပ်ကြသည်။

ဝတ္ထုဒါန၊ စေတနာဒါနဟူ၍ လေးလေးကပြောနေသော်လည်း စိုးသူသိပ်သဘောမပေါက်မိသေးချေ။ စိုးသူနားလည်လိုက်သည်က သူတံမြက်စည်းလှည်းခဲ့သည့် ဖုန်မှုန့်၊ အမှိုက်ကင်းသွားသော၊ သန့်ရှင်းသွားသောနေရာလေးကိုကြည့်ကာ ခံစားရသောပီတိပင်ဖြစ်သည်။ ထိုပီတိပင်လျှင် လေးလေးပြောသော ဒါနဟု စိုးသူနားလည်နေမိပါတော့သည်။ လူတိုင်း လူတိုင်းလည်း စေတနာ၊ ဒါန ထက်သန်နိုင်ကြပါစေဟု ရင်မှာဆန္ဒပြုနေမိပါတော့သည်။ ။

လူငယ်ဗဟုသုတ

ဆရာလွှတ်တော့ရိုင်း၊ မျဉ်းလွှတ်တော့ကိုင်း

အချို့ရေးတဲ့စာလုံးတွေက ကြီးတာကကြီး၊ ငယ်တာကငယ် အရွယ်အစားမညီဘူး။ အရွယ်အစားညီအောင်ရေးရပါတယ်။ စာလုံးအရွယ်အစားညီတာက လက်ရေးကောင်းရဲ့အင်္ဂါတစ်ရပ်ပါပဲ။ အရွယ်အစားမညီရင် ကြည့်မကောင်းဘူး။ အရွယ်အစားညီနေရင် ကြည့်လို့ကောင်းတယ်။ အရွယ်အစားညီရုံနဲ့မပြီးသေးဘူး။ ရေးထားတဲ့စာကြောင်းက ဖြောင့်တန်းနေရမယ်။ ဖြောင့်တန်းနေအောင်လည်း ရေးရတယ်။ ဖြောင့်ဖြောင့်တန်းတန်းရေးတတ်အောင်လည်း ကျောင်းနေစငယ်ရွယ်စဉ်ကတည်းက လေ့ကျင့်ပေးထားပါတယ်။

စာလုံးအရစ် အဆွဲမှန်အောင်၊ အရွယ်အစားညီအောင် ဖြောင့်ဖြောင့်တန်းတန်းရေးတတ်အောင် စတင်လေ့ကျင့်ပေးတဲ့သူတွေကတော့ သူငယ်တန်းသင် ဆရာ၊ ဆရာမများပါပဲ။ သူငယ်တန်းသင်ဆရာ၊ ဆရာမတွေကို "ကံ့ကူလက်လှည့်ဆရာ"လို့ခေါ်ပါတယ်။ "ကံ့ကူလက်လှည့်ဆရာ"ရဲ့ အဓိပ္ပာယ်ကိုတော့ "စာရေးတတ်အောင် ငယ်စဉ်က လက်ထပ်သင်ကြားပေးသောဆရာ၊ ငယ်ဆရာ"လို့မြန်မာအဘိဓာန်မှာဖွင့်ဆိုပေးထားပါတယ်။

ဟိုးရှေးအခါက စက္ကူမပေါ်သေးဘူး။ စာရေးရင် သစ်သားသင်ပုန်းတွေ၊ ပေရွက်တွေ၊ ပုရပိုက်တွေပေါ်မှာ ရေးရတယ်။ သစ်သားသင်ပုန်းပေါ်ကိုတော့ မြေဖြူခဲနဲ့ရေးတယ်။ ပေရွက်ပေါ်ကိုတော့ ကညစ်နဲ့ရေးတယ်။ ပုရပိုက်ပေါ်ကိုတော့ ကံ့ကူဆံနဲ့ရေးရတယ်။ ကျောင်းနေစကလေးသူငယ်တွေကို ကံ့ကူဆံကိုင်နည်း၊ စာလုံးရေးနည်းမှန်ကန်အောင် ကိုယ်တိုင်ကြပ်မတ်ကူညီလေ့ကျင့်သင်ကြားပေးရတယ်။ ဒါကြောင့် "ကံ့ကူလက်လှည့်ဆရာ"လို့ခေါ်တာပါပဲ။

အခုအခါမှာတော့ ဟိုးရှေးကနဲ့မတူတော့ဘူး။ သစ်သားသင်ပုန်းတွေ၊ ပေရွက်တွေ၊ ပုရပိုက်တွေအစား ကျောက်သင်ပုန်းတွေ၊ စာရွက်တွေပေါ် ရေးကြရတယ်။ ယခင်ကလို ကံ့ကူဆံနဲ့မရေးတော့ပါဘူး။

ကံ့ကူဆံကနေ ကျောက်တံ၊ ကျောက်တံကနေ ခဲတံ၊ ခဲတံကနေ ဖောင်တိန်၊ ဖောင်တိန်ကနေ ဘောပင်နဲ့ရေးနေကြရပါပြီ။ ဒီတော့ "ကံ့ကူလက်လှည့်ဆရာ"လို့မပြောဘဲ "ကျောက်တံလက်လှည့်ဆရာ"၊ "ခဲတံလက်လှည့်ဆရာ"၊ "ဘောပင်လက်လှည့်ဆရာ"လို့ပြောရတော့မလားပဲ။

ကျောက်တံနဲ့က ကျောက်သင်ပုန်းပေါ်မှာရေးရပါတယ်။ ခဲတံ၊ ဖောင်တိန်၊ ဘောပင်နဲ့ကတော့ ဗလာစာရွက်ပေါ်မှာ ရေးရပါတယ်။ ဗလာစာရွက်ပေါ်မှာ မျဉ်းကြောင်းပါတယ်။ ကျောက်သင်ပုန်းကတော့ ပြောင်ချောပဲ။ မျဉ်းကြောင်းမပါဘူး။ မျဉ်းကြောင်းမပါတော့ မျဉ်းတံနဲ့ မျဉ်းကြောင်းသားပေးရတယ်။ ကျောက်သင်ပုန်းနဲ့ရေးရင်မျဉ်းတံနဲ့သားပေးထားတဲ့မျဉ်းကြောင်းပေါ်မှာ အရေးလေ့ကျင့်ရတယ်။ ဗလာစာရွက်ပေါ် ရေးရင်တော့ ပါပြီးသားမျဉ်းကြောင်းပေါ်မှာပဲ အရေးလေ့ကျင့်ရတယ်။

ဗျည်းအက္ခရာရေးနည်း စတင်သင်ကြားပေးတဲ့ ဆရာ၊ ဆရာမက ပထမလေးကြောင်းမျဉ်းနဲ့သင်ကြားပေးရတယ်။ လေးကြောင်းမျဉ်းနဲ့သင်ကြားပေးရတာကတော့ ဗျည်းအက္ခရာတွေကို အလုံးအဝန်းညီအောင်၊ အရစ်အဆွဲမှန်အောင် ရေးတတ်ဖို့ပါပဲ။ လေးကြောင်းမျဉ်းနဲ့လက်ရေးအသားကျတော့မှ တစ်ကြောင်းမျဉ်းနဲ့ရေးတတ်အောင် စနစ်တကျလက်ထပ်သင်ကြားလေ့ကျင့်ပေးရပါတယ်။ သင်ယူသူကလည်း အဆင့်ဆင့် စနစ်တကျသင်ယူလေ့ကျင့်ရပါတယ်။ ဒါမှ စာကြောင်းဖြောင့်တန်းအောင် ရေးတတ်လာမှာပါ။

စာကြောင်းကို ဖြောင့်တန်းအောင် ရေးတတ်ဖို့ကတော့ မျဉ်းကြောင်းကို အားကိုးရပါတယ်။ မျဉ်းကြောင်းမပါဘဲ ရေးလို့ကတော့ ကွေ့ကောက်နေမှာပါပဲ။ စာကြောင်းက မဖြောင့်တန်းတော့ပါဘူး။ ရေးတဲ့စာကြောင်း ဖြောင့်တန်းနေဖို့က မျဉ်းကြောင်းကို လက်လွှတ်လို့မရဘူး။ ဒါကြောင့် "ဆရာလွှတ်တော့ရိုင်း၊ မျဉ်းလွှတ်တော့ကိုင်း"လို့ ဘိုးစဉ်ဘောင်ဆက်ဆိုရိုးစကားနဲ့ သတိပေးထားခဲ့တာပဲဖြစ်ပါတယ်။ "ဆရာလွှတ်တော့ရိုင်း၊ မျဉ်းလွှတ်တော့ကိုင်း"ဆိုတာကတော့ "မျဉ်းကြောင်းကို အားမကိုးဘဲ စာရေးလျှင် စာကြောင်းများမဖြောင့်မတန်းဖြစ်တတ်သကဲ့သို့ ဆရာကောင်းကိုမမှီဝဲ မဆည်းကပ်သူသည် ရိုင်းစိုင်းတတ်သည်"လို့ဆိုလိုတာပါပဲ။

ဆရာ၊ ဆရာမဆိုတာက တပည့်တွေရဲ့ကောင်းကျိုးချမ်းသာကိုလိုလားကြတဲ့သူများပါ။ ဒါကြောင့် တပည့်တွေကို ယဉ်ကျေးလိမ္မာတဲ့လူကောင်းလူတော်တွေဖြစ်အောင် သင်ကြား၊ လေ့ကျင့်၊ မွေးမြူပေးနေကြတာပါပဲ။ ဆရာ၊ ဆရာမတွေက ဆိုဆုံးမတာတွေကိုနာယူတဲ့သူက ယဉ်ကျေးလိမ္မာတယ်။ လူတော်လူကောင်းတွေဖြစ်လာတယ်။ မိဘတွေအတွက် အားကိုးအားထားပြုရတဲ့ "အား"တွေ၊ "ထီး"တွေဖြစ်လာတယ်။ နိုင်ငံတော်အတွက်လည်း အားကိုးအားထားပြုရတဲ့ နိုင်ငံ့သားကောင်း၊ သမီးကောင်းတွေဖြစ်လာတယ်။ ဆရာ၊ ဆရာမတွေက သင်ကြား၊ လေ့ကျင့်၊ မွေးမြူပေးနေတာတွေကို မနာယူတဲ့သူတွေကတော့ မယဉ်ကျေးဘူး၊ မလိမ္မာဘူး၊ ရိုင်းစိုင်းတယ်။ လူကောင်းလူတော်တွေဖြစ်မလာဘူး။ ဆိုးသွမ်းတယ်၊ ကြမ်းတမ်းခက်ထန်တယ်။

မျဉ်းကြောင်းက စာကြောင်းကိုဖြောင့်ဖြောင့်တန်းတန်းရေးနိုင်အောင် တည့်မတ်ထိန်းပေးထားတယ်။ ဆရာ၊ ဆရာမတွေက လူငယ်မောင်မယ်တွေလမ်းမှားမရောက်အောင် ထိန်းကျောင်းပေးနေတယ်။ မျဉ်းကြောင်းမပါဘဲရေးရင် စာကြောင်းကမဖြောင့်တန်းပါဘူး။ ဆရာ၊ ဆရာမတွေ ထိန်းကျောင်းပေးနေတာကိုမနာယူရင် လူကောင်းလူတော်ဖြစ်မလာပါဘူး။ ဒါကြောင့် လူကောင်းလူတော်တွေဖြစ်အောင် ထိန်းကျောင်းပေးနေတဲ့ ဆရာ၊ ဆရာမတွေရဲ့ သင်ကြားလေ့ကျင့်ပေးနေတာတွေကို တစ်သဝေမတိမ်း နာယူမှတ်သားကြရမှာ ဖြစ်ပါတယ်။ ။

ရေနံ့သာမောင်ကျော်ညွန့်

ရယ်စေခြင်းငှာ



ကျိုကာပျိုး

ရွှေဘိုကန်တော်ကြီးတောင် ကျိုးလောက်အောင် မိုးကောင်းတဲ့နှစ်ပေါ့။ ရွှေဘိုတောင်ဘက် ဝက်လက်တစ်နယ်လုံး ရေဖုံးပါလေရော။ စိုက်ပြီးသား၊ စိုက်လက်စနဲ့ ပျိုးခင်းတွေပါမကျန် ရေစီးထဲမျောပါကုန်တယ်။ ဟိုနားသည်နား ဆယ်လို့ရသမျှပျိုးစည်းတွေကို ဦးချစ်တုတ်က ပျိုးပွဲစားလုပ်ပြီး ပြန်ရောင်းဖို့ ဒိုင်ဖွင့်ဝယ်တယ်။ တစ်ကွင်းလုံးက ပြန့်ကျဲနေတဲ့ပျိုးတွေဆိုတော့ မျိုးစပါးပေါင်းစုံပေါ့။ တခြားရွာက ပျိုးဝယ်မယ့်သူတွေ ကုန်တင်ကားကြီးနဲ့ရောက်လာတယ်။

"ဗျို့ ဦးချစ်တုတ်၊ ပျိုးက ဘာပျိုးတွေတုံးဗျ"

"ကျိုကာပျိုးလေကွာ"

"ဟာဗျာ ကျုပ်တို့က မနောသုခပဲ လိုချင်တာဗျ"

"ဟကောင်ရ၊ ဒါ မနောသုခပဲလေကွာ"

ဖဲကစားရာမှာ လိုရာအစားထိုးသုံးနိုင်တဲ့ ကျိုကာပါဆို။ ဆင်းသီရိ၊ ဆင်းသိဂီ၊ ရွှေဝါထွန်း လိုချင်တာဖြစ်ရမယ်လေ။

"ဒါနဲ့၊ ပျိုးက ရင့်ရဲ့လားဗျ၊ ပျိုးနုလို့တော့ မဖြစ်ဘူးဗျို့"

"အံမာမင်း ငါ့တူရာ၊ ပျိုးရင့်မရင့်တော့ မေးမနေနဲ့၊ မင်းတို့ ကားပေါ်မှာတင်၊ စာခြောက်သွားရမယ်ဟေ့"

ကားမောင်းနေရင်းတန်းလန်းနဲ့တောင် ပျိုးစည်းတွေက အနှံထွက်လာကြမယ့်သဘော။ ဆိုလည်းဆိုတတ်ကြပါပေ့။

မိုးစလုံး

“မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ ကုန်သွယ်မှု၊ အသုံးပြုမှုနှင့် ထိန်းသိမ်းဆောင်ရွက်မှုများ” အပိုင်း(၁)



ယမန်နေ့မှအဆက်

အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း ဆောင်ရွက်မှုများ

မြန်မာနိုင်ငံသည် ဓာတုပစ္စည်းအများဆုံးထွက်ရှိသော အိမ်နီးချင်းစက်မှုဖွံ့ဖြိုးပြီးနိုင်ငံကြီးများအကြားတည်ရှိနေသည့်အတွက် တရားမဝင်ဓာတုပစ္စည်းများတားမြစ်ထိန်းချုပ်ရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ အိမ်နီးချင်းနိုင်ငံများ၊ BIMSTEC နိုင်ငံများ၊ ASEAN ဒေသတွင်းနိုင်ငံများနှင့် ရန်ကုန်မြို့အခြေစိုက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် UNODC၊ ဩစတြေးလျနိုင်ငံ AFP၊ အမေရိကန်နိုင်ငံ DEA၊ တရုတ်နိုင်ငံ NNCC၊ ထိုင်းနိုင်ငံ ONCB တို့နှင့်လည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်ပြီး သတင်းများဖလှယ်၍ ဓာတုပစ္စည်းများ လမ်းလွဲမရောက်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း မဲခေါင်(MoU) ခြောက်နိုင်ငံပါဝင်သော Operation 1511 ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်အတွင်း မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံပူးပေါင်း၍ ဘေးကင်းလုံခြုံသော မဲခေါင်စစ်ဆင်ရေးကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ Operation 1511/22 ကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ်အတွင်း Operation 39 အထူးစစ်ဆင်ရေးကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် Operation 39/24 အထူးစစ်ဆင်ရေးကိုလည်းကောင်း ဆောင်ရွက်ခဲ့မှုကြောင့် ရွှေတြိဂံဒေသရှိ ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှု ထိန်းချုပ်ရေးနှင့် မူးယစ်ဆေးဝါးများ ပြင်ပသို့ပျံ့နှံ့မှုမရှိစေရေးရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ အကြိမ်ပေါင်း ၄၀ ကျော် ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အနေနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် ခရီးအသွားအလာများသည့် လမ်းကြောင်းများတွင် ခေတ်မီရှာဖွေရေးကိရိယာများ (X-ray စက်တပ်ယာဉ်များ)တပ်ဆင်အသုံးပြု၍ တိကျစွာ စစ်ဆေးဆောင်ရွက်မှုများကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်သူများသည် ရှောင်ကွင်းလမ်းများကို အသုံးပြုခြင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းများပြောင်းလဲလာခြင်း၊ သိုဝှက်သယ်ဆောင်ပုံ နည်းစနစ်များ ပြောင်းလဲလာခြင်းနှင့် ပင်လယ်ရေကြောင်းအသုံးပြု၍ သယ်ဆောင်ရောင်းဝယ်ခြင်းများ ပိုမိုအသုံးပြုလာကြောင်း တွေ့ရှိလာရသည်။

နှစ်မျိုးသုံးဓာတုပစ္စည်းများ (Dual-use Chemicals)

ယနေ့ကမ္ဘာပေါ်တွင် ဓာတုပစ္စည်းအများစုသည် လူသုံးကုန်ပစ္စည်းများထုတ်လုပ်ရာတွင်လည်းကောင်း၊ ကုန်ထုတ်လုပ်ငန်းများနှင့် သယံဇာတတူးဖော်ရေး



ပစ္စည်းများ လမ်းလွဲမရောက်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း မဲခေါင်(MoU) ခြောက်နိုင်ငံပါဝင်သော Operation 1511 ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်အတွင်း မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံပူးပေါင်း၍ ဘေးကင်းလုံခြုံသော မဲခေါင်စစ်ဆင်ရေးကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ Operation 1511/22 ကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ်အတွင်း Operation 39 အထူးစစ်ဆင်ရေးကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် Operation 39/24 အထူးစစ်ဆင်ရေးကိုလည်းကောင်း ဆောင်ရွက်ခဲ့မှုကြောင့် ရွှေတြိဂံဒေသရှိ ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှု ထိန်းချုပ်ရေးနှင့် မူးယစ်ဆေးဝါးများ ပြင်ပသို့ပျံ့နှံ့မှုမရှိစေရေးရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ အကြိမ်ပေါင်း ၄၀ ကျော် ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အနေနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် ခရီးအသွားအလာများသည့် လမ်းကြောင်းများတွင် ခေတ်မီရှာဖွေရေးကိရိယာများ (X-ray လုပ်ငန်းများတွင်လည်းကောင်း မရှိမဖြစ်ထည့်သွင်းအသုံးပြုနေကြသည်။ အဆိုပါ ဓာတုပစ္စည်းများသည် နှစ်မျိုးသုံးဓာတုပစ္စည်း(Dual-use Chemicals) အနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့် နေရာများသို့ တရားမဝင်ရောက်ရှိသွားပြီး လူလုပ်မူးယစ်ဆေးဝါးမျိုးစုံကို အသွင်ပြောင်းဓာတုပစ္စည်းများ (Designer Precursors)အသုံးပြု၍ ထုတ်လုပ်လာသည့်အတွက် စိုးရိမ်ဖွယ်ရာဖြစ်ပေါ်လျက်ရှိသည်။ ထိုကဲ့သို့ ကမ္ဘာ့နိုင်ငံအများစုတွင် လူလုပ်မူးယစ်ဆေးဝါးများ ထုတ်လုပ်၊ သယ်ဆောင်၊ ဖြန့်ဖြူးရောင်းချမှု(ရောင်းဝယ်မှု)များသည် ပိုမိုကြီးထွားကျယ်ပြန့်လာခဲ့ပြီး သုံးစွဲသူဦးရေများလည်း များပြားလာခဲ့သည်ကို ကြားသိ/တွေ့မြင်နေရသည်။ လူလုပ် မူးယစ် ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုသည့်အဓိကရင်းမြစ်သည် ပရီကာဆာဓာတုပစ္စည်းများ(Precursor Chemicals)ဖြစ်သည်။ ထိုပရီကာဆာများသည် တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာ နေရာများသို့ ဝင်ရောက်လျက်ရှိသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် မဖြစ်မနေလိုအပ်သည့်ပရီကာဆာထိန်းချုပ်ရေးကို အထူးအရေးကြီးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်နေရခြင်းဖြစ်သည်။

ထိန်းချုပ်ဓာတုပစ္စည်းများ သို့မဟုတ် ပရီကာဆာဓာတုပစ္စည်းများ

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သဖြင့် ကန့်သတ်တားဆီးထားသော ဓာတုပစ္စည်းများကို ထိန်းချုပ်ဓာတုပစ္စည်းများ (Controlled Chemicals) သို့မဟုတ် ပရီကာဆာဓာတုပစ္စည်းများ (Precursor Chemicals)ဟု ခေါ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် (UNDCP)နှင့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့တို့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများကို ပရီကာဆာများ(Precursors)ဟု စတင်သုံးစွဲလာခဲ့ခြင်းဖြစ်သည်။ အဆိုပါဓာတုပစ္စည်းပရီကာဆာများတွင် အစပြုသည့် အခြေခံပစ္စည်း (Starting Material)၊ ပျော်ဝင်ပစ္စည်း (Solvent)နှင့် ဓာတ်ပြုပစ္စည်း(Reagent)ဟူ၍ သုံးမျိုးပါဝင်သည်။

မူးယစ်ဆေးဝါးရရှိအောင်ပြုလုပ်နိုင်မှု

မူးယစ်ဆေးဝါးကို အမျိုးအစားသုံးခုဖြင့်ပြုလုပ်နိုင်ပြီး ပထမတစ်မျိုးမှာ သဘာဝအတိုင်းရရှိသော ဘိန်းပင်မှဘိန်း၊ ဆေးခြောက်ပင်မှဆေးခြောက်နှင့်ကိုကင်းပင်မှကိုကင်းရွက်တို့အား မူးယစ်ဆေးအဖြစ် အသုံးပြုခြင်းဖြစ်သည်။ ဒုတိယတစ်မျိုးမှာ တစ်ပိုင်းတစ်စ ပြုပြင်ဖန်တီးထားသောဆေးဝါးများ ဥပမာအားဖြင့် ဘိန်းကိုဓာတ်ပြုပျော်ဝင်စေသည့် ဓာတုဗေဒပစ္စည်းများဖြစ်သည့် အက်စီတစ်အင်ဟိုက်ဒရိုက်(Acetic Anhydride)နှင့် အီသာ(Ether)တို့ဖြင့် ထုတ်လုပ်ရရှိသော ဟီးရိုးအင်း(Heroine)ဖြစ်သည်။ နောက်ဆုံးတစ်မျိုးမှာ ပြုပြင်ဖန်တီးထားသောဆေးဝါးများ(Synthetic Drugs)ဖြစ်သည်။ ဥပမာအားဖြင့် မက်သာဖက်တမင်း (Methaphetamin)နှင့် အက်တက်စီ(Ecstacy) MDMA တို့ကို အစပြုကုန်ကြမ်းပစ္စည်းဖြစ်သည့် အက်ဖီဒရင်း (Ephedrine) သို့မဟုတ် ပီတူးပီ(P2P)ကိုဓာတ်ပြုပစ္စည်းနှင့် ပျော်ဝင်ဓာတုပစ္စည်းများဖြစ်သည့် သိုင်အိုနိုင်းလ် ကလိုရိုက်(Thionyl Chloride)၊ အီသာ(Ether)၊ ဖောစဖရပ်ပင်တာကလိုရိုက်(Phosphorous Pentachloride)၊ ဟိုက်ဒရိုကလိုရစ်အက်စစ်(Hydrochloric Acid)တို့ဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနမှ ဘိန်းပင်၊ ကိုကင်းပင်၊ ဆေးခြောက်ပင်နှင့် မူးယစ်ဆေးဖြစ်သည်ဟု အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည့် အပင်တစ်မျိုးမျိုး၊ ယင်းအပင်တစ်မျိုးမျိုးမှ ထွက်ရှိသော သို့မဟုတ် ထုတ်လုပ်သောအရာဝတ္ထုများ၊ ဆေးဝါးများကိုလည်း မူးယစ်ဆေးဝါးဟု သတ်မှတ်ထားသည်။ မူးယစ်ဆေးဝါးသည် စိတ်ပူပင်သောကကိုလျှော့ချနိုင်ပြီး လေးနက်သောစူးစမ်းမှုနှင့် ကိုယ်ရေးကိုယ်တာရောင်ပြန်ဟပ်မှုတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်းလေ့လာမှုများက ဖော်ပြကြသည်။

ပရီကာဆာများ (Precursors)

ပရီကာဆာ(Precursor)ကိုလည်း နှစ်မျိုးခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အစပြုကုန်ကြမ်းပစ္စည်း(Starting Materials)အဖြစ်သုံးသည့် အက်ဖီဒရင်း(Ephedrine)၊ ပီတူးပီ(P2P)နှင့် ဆာဖရိုးလ်(Safrole)တို့ဖြစ်သည်။ ဒုတိယအမျိုးအစားမှာ ဓာတ်ပြုပစ္စည်းနှင့်ပျော်ဝင်ပစ္စည်းအဖြစ်သုံးသည့် အက်စီဆစ်အင်ဟိုက်ဒရိုက်(Acetic Anhydride)၊ အီသာ(Ether)နှင့် သိုင်အိုနိုင်းလ်ကလိုရိုက်(Thionyl Chloride)တို့ဖြစ်ပြီး ၎င်းတို့သည် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အနည်းငယ်သာပါဝင်တတ်သည်။ မူးယစ်ဆေးဝါးတစ်မျိုးဖြစ်သည့် ဟီးရိုးအင်း(Heroine) ထုတ်လုပ်ရာတွင်အသုံးပြုသောပရီကာဆာများမှာ Acetic Acid၊ Acetic Anhydride၊ Acetone၊ Acetyl Chloride၊ Chloroform၊ Ethyl Ether၊ Ethylidene Diacetate၊ Hydrochloric Acid၊ Methyl Ethyl Ketone၊ Phosphrous Pentachloride၊ Phosphrous Trichloride၊ Sulphuric Acid နှင့် Thionyl Chloride တို့ဖြစ်သည်။

စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ (Psychotropic Substances)

စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ (Psychotropic Substances)ဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ စိတ်ကိုပြောင်းလဲစေသည်ဟုကြေညာထားသည့် ဆေးဝါးများဖြစ်သည်။ ဘိန်းပင်၊ ကိုကင်းပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် အပင်တစ်မျိုးမျိုးမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအဖြစ်သို့ ရောက်ရှိရန် ထုတ်လုပ်ခြင်း၊ ယင်းသို့ထုတ်လုပ်သော အရာဝတ္ထုကို ဓာတုပစ္စည်း သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်၍ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်း၊ ပြင်ဆင်ပြုလုပ်ခြင်းတို့ကို စိတ်ကိုပြောင်းလဲစေသောဆေးဝါးများထုတ်လုပ်ခြင်းဟု ဆိုသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးထုတ်လုပ်ပုံများကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။ ။

ဒေါက်တာလပြည့်ခင်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆင်ခြေမနေ့ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ် ဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ လှည့်လည်ကြည့်ရှုအားပေး



နေပြည်တော် ဇွန် ၂၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂ္ဂီဏာသီရိမြို့နယ်ရန်အောင်မြင်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (ခွဲ) စာစစ်ဌာန၌ ၂၀၂၅ နှစ် တက္ကသိုလ်ဝင်စာမေးပွဲနောက်ဆုံးနေ့ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ကျစာမေးပွဲကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများ စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျဆောင်ရွက်နေမှုများနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(အ.လ.က-၃) နှင့် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနတို့၌ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲအေးချမ်းစွာဖြေဆိုနေမှုနှင့်ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိစာစစ်ဌာန စုစုပေါင်း ၄၇ ခု၌ စာမေးပွဲဖြေဆိုရန် စာရင်းရှိဦးရေစုစုပေါင်း ၁၅၅၃၁ ဦးရှိပြီး ဖြေဆိုသူ ၁၅၄၀၆ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၀ ရာခိုင်နှုန်း ဖြေဆိုကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဆင်ခြေမနေ့ ဇီဝဗေဒဘာသာရပ်နှင့်ဘောဂဗေဒဘာသာရပ်တို့ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ ၂၉ ခရိုင်၊ ၅၈ မြို့နယ်တို့တွင် စာစစ်ဌာနစုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စာရင်းရှိဦးရေ ၆၃၆၇၃ ဦးရှိပြီး ဖြေဆိုသူ ၆၂၇၈၈ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။

မြဝတီ

အခြေခံပညာဦးစီးဌာန၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

ဇီဝဗေဒ + ဘောဂဗေဒဘာသာရပ်

ရက်စွဲ။ ၂၁ - ၆ - ၂၀၂၅

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ခရိုင်အရေအတွက်	မြို့နယ်အရေအတွက်	စာစစ်ဌာနအရေအတွက်	စာရင်းရှိ			ဖြေဆို			ပျက်ကွက်			ဖြေဆိုသည့်ရာခိုင်နှုန်း	ပျက်ကွက်ရာခိုင်နှုန်း	မှတ်ချက်
					ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း			
၁	ကချင်	၆	၁၂	၂၂	၃၃၃၇	၃၃၅၉	၆၆၉၆	၃၂၈၀	၃၃၀၂	၆၅၈၂	၅၇	၅၇	၁၁၄	၉၈.၆၉%	၁.၃၁%	
၂	စစ်ကိုင်း	၉	၁၃	၂၅	၃၁၃၈	၅၀၆၇	၈၂၀၅	၃၀၇၃	၄၉၆၇	၈၀၄၀	၆၅	၁၀၀	၁၆၅	၉၇.၉၉%	၂.၀၁%	
၃	မန္တလေး	၁၀	၂၅	၁၀၁	၁၄၆၅၈	၁၉၅၈၃	၃၄၂၄၁	၁၄၃၈၃	၁၉၃၇၇	၃၃၆၆၀	၂၇၅	၂၀၆	၄၈၁	၉၈.၆၀%	၁.၄၀%	
၄	နေပြည်တော်	၄	၈	၄၇	၅၄၆၈	၇၀၆၃	၁၂၅၃၁	၅၄၀၃	၇၀၀၃	၁၂၄၀၆	၆၅	၆၀	၁၂၅	၉၉.၀၀%	၁.၀၀%	
စုစုပေါင်း		**၂၉**	**၅၈**	**၁၉၅**	**၂၆၆၀၁**	**၃၇၀၇၂**	**၆၃၆၇၃**	**၂၆၁၃၉**	**၃၆၆၄၉**	**၆၂၇၈၈**	**၄၆၂**	**၄၂၃**	**၈၈၅**	**၉၈.၆၁%**	**၁.၃၉%**	

အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သတ်မှတ်နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့နယ်နှင့် ဗထူးတပ်မြို့တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် အပါအဝင် မြို့နယ်(၂၂)မြို့နယ်တို့၌လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ခိုလမ်မြို့ရှိ နောင်ဟေးငင်းရေကန်သာ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

များက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့ရှိ မောမြေဦးပန်းခြံ၊ ခိုလမ်မြို့ရှိ နောင်ဟေးငင်းရေကန်သာ၊ ကွန်ဟိန်းမြို့နယ်ရှိ သိန်းပျံဘုန်းတော်ကြီးကျောင်းနှင့် လဲချားမြို့နယ်၊ နောင်ပန်ကျေးရွာရှိ ဟိုလွယ်ဘုန်းတော်ကြီးကျောင်းတို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၆)ရပ်ကွက် ပြည်သူ့ဆေးရုံ၊ မြောက်ဥက္ကလာပမြို့နယ် (ဆ) ရပ်ကွက်ရှိ ဆေးတက္ကသိုလ်(၂)နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအရှေ့ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံတို့၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၂၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သစ်တောပြုန်းတီးမှုမှကာကွယ်နိုင်ရန်နှင့်ရာသီဥတုမှန်ကန်မှုရှိစေရန်ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော်ဗဟိုသင်တန်းကျောင်းဝင်းအတွင်းကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြပြီး ရတနာတန်းဝင်ကျွန်းပင် ၉၅၀ ကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြသည်။

အလားတူ ယနေ့တွင်တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိဝန်ကြီးဌာနကြီးကြပ်မှု အောက်မှ စီမံကိန်းညွှန်ကြားရေးမှူးရုံးများ၊ စီမံကိန်းမန်နေဂျာရုံးများ၊ မဟာဓာတ်အားလိုင်းမှူးရုံးများ၊ ပင်မဓာတ်အားခွဲရုံများ၊ တည်ဆောက်ရေးညွှန်ကြားရေးမှူးရုံးများ၊ ဓာတ်အားပေးစက်ရုံများ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပ၍ ရတနာတန်းဝင်ကျွန်းပင် ၁၂၈၉ ပင်၊ နှစ်ရှည်သီးနှံပင် ၅၉၂၃ ပင်၊ နှစ်ရှည်ပန်းပင် ၁၄၀၇ ပင်၊ အရိပ်ရ လေကာပင် ၂၁၄၆ ပင် စုစုပေါင်း ၁၀၇၆၅ ပင် တို့ကို စိုက်ပျိုးခဲ့ကြကြောင်းနှင့်ယနေ့တွင် ဝန်ကြီးဌာနအနေဖြင့် စုစုပေါင်း ၁၁၇၁၅ ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ မြဝတီ

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ စခန်းဝင်လေ့ကျင့်လျက်ရှိ



နေပြည်တော် ဇွန် ၂၁


အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး Jeng Phang နေ့တောင်သည်ဒုတိယဝန်ကြီးဦးထိန်လင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပီတန်းအားကစားနည်းမှ ပဏာမလက်ရွေးစင်အားကစားသမားများနှင့် လူငယ်အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင်အားကစားသမားများနှင့်လူငယ်အားကစားသမားများ၏လေ့ကျင့်နေမှုများကိုလည်းကောင်း၊ လက်ဝှေ့လေ့ကျင့်ရေးရုံတွင် ပဏာမလက်ရွေးစင်လက်ဝှေ့အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးကာ အားကစားသမားများထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး၊ လေ့ကျင့်မှုမတိုင်မီနှင့်လေ့ကျင့်မှုပြီးဆုံးချိန်များတွင် သွေးပူလေ့ကျင့်ခန်းနှင့်အကြောလျှော့လေ့ကျင့်ခန်းများကို ထိထိရောက်ရောက် ပြုလုပ်စေရေးနှင့် အားကစားနည်းအလိုက် လိုအပ်သည့် လေ့ကျင့်ရေးအသုံးအဆောင်များနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းပေးနိုင်ရေးကိစ္စရပ်ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

အထူးမိုးလေဝသ သတင်း

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်



နေပြည်တော် ဇွန် ၂၁

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွှေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွှေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ယနေ့ညမှ ဇွန်လ ၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့်နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေ ခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

နိုင်ငံ့ရေရှည်အကျိုးစီးပွားကို လွှမ်းခြုံဖော်ဆောင်ပေးမည့် ဒစ်ဂျစ်တယ် လူ့အဖွဲ့အစည်းဖြစ်ထွန်းလာစေရေး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဆန်းသစ်တီထွင်မှုနှင့်ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေး လုပ်ငန်းကော်မတီ (၃/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၁၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Polytechnic University ၌ Hybrid စနစ်ဖြင့်ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြည်သူလူထုဝန်ဆောင်မှုလုပ်ငန်းများတွင် ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာများကို လက်တွေ့ကျကျအသုံးချနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန်၊ နိုင်ငံ့ဒစ်ဂျစ်တယ်စီးပွားရေးဖြစ်ထွန်းမှုကို အမှန်တကယ် အကျိုးပြုမည့် IT လူငယ်ပညာရှင်များပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာတိုးတက်ပြောင်းလဲမှု မြန်ဆန်လျက်ရှိသော AI အပါအဝင် Digital Transformation နည်းပညာအရွေ့နှုန်းတို့နှင့်အတူ အမီလိုက်ပါနိုင်ကာ နိုင်ငံ့ရေရှည်အကျိုးစီးပွားကို လွှမ်းခြုံဖော်ဆောင်ပေးမည့် ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်းဖြစ်ထွန်းလာစေရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီဝင်များ၊ Naypyitaw State Polytechnic University အပါအဝင်တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ UMFCCI ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ Myanmar Digital Economy Association တို့မှဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရန်အချက်များကို ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ မြဝတီ

★ **စာမျက်နှာ ၁၇ မှအဆက်**

သုံးဘီးမော်တော်ဆိုင်ကယ်တာယာများနှင့် ကျွတ်များထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကပြည်တွင်းလိုအပ်ချက်များသည့် မော်တော်ဆိုင်ကယ်တာယာများ၊ သုံးဘီးဆိုင်ကယ်တာယာများနှင့် ကျွတ်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးပြည့်မီကောင်းမွန်ရေး ပြည်တွင်းဈေးကွက်ဖူလုံမှုရှိစေရေးနှင့် ပြည်ပဈေးကွက်ရရှိရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

အမှတ်(၃)သံမဏိစက်ရုံ(ရွာမ)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃)သံမဏိစက်ရုံ(ရွာမ) သို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမတွင်ကောင်စီဝင်မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညီစောက စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ အရည်အသွေးမြင့် သံမဏိများထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုနှင့် အရည်အသွေးတိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုစွမ်းအားကျဆင်းသည့် ကုန်ထုတ်စက်ကြီးများအား အသစ်ပြန်လည်တပ်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း၊ အမှတ်(၃)သံမဏိစက်ရုံ(ရွာမ) စက်ရုံမှူးကြီးက စက်ရုံဆိုင်ရာအချက်အလက်များ၊ စက်ရုံမှသံမဏိနှင့်ဆက်စပ်ပစ္စည်းများ၊ ဘိုး၊ နပ်များ ထုတ်လုပ်လျက်ရှိမှုအခြေအနေများ၊ စက်များမှ သံမဏိထုတ်ကုန်များထုတ်လုပ်နိုင်မှုစက်စွမ်းအားအခြေအနေများ၊ အရည်အသွေးပြည့်မီသည့် သံမဏိများရရှိရေးစနစ်တကျထုတ်လုပ်နေမှုများ၊ ထုတ်လုပ်ထားသည့် Deformed Bar များကို အရည်အသွေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာသတ်မှတ်အရည်အသွေးထက် ပိုမိုကောင်းမွန်မှုရှိသည်ကို စစ်ဆေးတွေ့ရှိရမှုနှင့် သံရည်ကျိုလုပ်ငန်းဆောင်ရွက်မှုဗီဒီယိုမှတ်တမ်းနှင့် စက်ရုံမှထွက်ရှိသည့် HRB–500 Steel Billet များအား ကုန်ထုတ်လုပ်နိုင်ရေးအမှတ်(၁)သံမဏိစက်ရုံ(ကျောက်စွယ်ကျိုး)သို့ လွှဲပြောင်းပေးပို့မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်း၌ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သံမဏိများလိုအပ်လျက်ရှိခြင်းကြောင့် ပြည်တွင်းသံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးရန်လိုကြောင်း၊ အရေအတွက်ပြည့်မီရန် လိုအပ်သကဲ့သို့ အရည်အသွေးအရလည်းပြည့်မီရန်လိုအပ်ကြောင်းနှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံမှထွက်ရှိသည့် သံမဏိများနှင့် ပြည်ပနိုင်ငံများမှထုတ်လုပ်ထားသည့် သံမဏိများအား အရည်အသွေးနှိုင်းယှဉ်ပြသထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းလှည့်လည်၍ HRB–500 Steel Billet များ ထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်(၃)သံမဏိစက်ရုံ(ရွာမ)မှဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးကြီးက လက်ခံရယူသည်။

အမှတ်(၂) သံမဏိစက်ရုံ (မြောင်းတကာ)

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၂)သံမဏိစက်ရုံ(မြောင်းတကာ)သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင်ကောင်စီဝင်မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညီစောက စက်ရုံသမိုင်းအကျဉ်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ စက်ရုံမှူးကြီးက စက်ရုံဆိုင်ရာအချက်အလက်များ၊ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စက်ရုံစတင်သည်မှ ယနေ့အထိ ဆောင်ရွက်ပြီးစီးခဲ့သည့် စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ၏မှတ်တမ်းဓာတ်ပုံများနှင့် ဆက်လက်၍လည်း တံတားသံပေါင်များထုတ်လုပ်လျက်ရှိမှု၊ ခုံးကျော်တံတားများအတွက် လိုအပ်ဃည့်သံပေါင်များအား ထုတ်လုပ်ပေးခဲ့မှု၊ လျှပ်စစ်တာဝါတိုင်များနှင့် သွပ်ဆေးတင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ တံတားလုပ်ငန်းများအတွက် သံပေါင်များနှင့် ဆက်စပ်ပစ္စည်းများ ဆက်လက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဓာတ်အားလိုင်းတာဝါတိုင်များထုတ်လုပ်နေမှုအခြေအနေများအား လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **သံမဏိထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် မဖြစ်မနေလိုအပ်သည့်လုပ်ငန်းဖြစ်ပြီး စက်ရုံအနေဖြင့် တာဝါတိုင်များ၊ တံတားသံပေါင်များကို စနစ်တကျဖြင့် ဆက်လက်ထုတ်လုပ်သွားရန်လို**ကြောင်း၊ အဓိကအားဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် Deformed Bar များလိုအပ်သဖြင့် ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ **ဆောက်လုပ်ရေးသုံးသံမဏိများကို ပြည်ပမှ နှစ်စဉ်ဝယ်ယူနေရပါက နိုင်ငံတော်အတွက် ငွေကြေးကုန်ကျမှုများပြားနေဦးမည်ဖြစ်**ကြောင်း၊ **ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်နိုင်ရန်အတွက် ရှိပြီးဖြစ်သည့် သံအရင်းအမြစ်များကို စနစ်တကျဖြင့် ထုတ်ယူအသုံးချသွားရန်လို**ကြောင်း၊ ပထမဦးစားပေးအနေဖြင့် Steel Billet များကို ထုတ်လုပ်သွားနိုင်ရန်လိုပြီး ထို့မှတစ်ဆင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး Deformed Bar များ ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ ပြည်တွင်း၌ရှိပြီးဖြစ်သည့် သံမဏိစက်ရုံများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ချိန်တွင်လည်း အချို့ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများမှာ အရည်အသွေးပြည့်မီမှုမရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရပြီး မိမိတို့အတွက် သင်ခန်းစာပင်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ခိုင်ခံ့စွာတည်ဆောက်နိုင်ရေးအတွက် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးသုံးသံမဏိများကိုထုတ်လုပ်သွားနိုင်ရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းလှည့်လည်၍ တံတားနှင့်သံထည်ထုတ်လုပ်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားကာ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံ Jetty နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညီစောက စက်ရုံသမိုင်းအကျဉ်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တံတားနှင့်သံထည်ထုတ်လုပ်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❖ ပြည်တွင်း၌ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သံမဏိများလိုအပ်လျက်ရှိခြင်းကြောင့် ပြည်တွင်းသံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးရန်လို . . .

❖ သံမဏိထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် မဖြစ်မနေလိုအပ်သည့်လုပ်ငန်းဖြစ်ပြီး စက်ရုံအနေဖြင့် တာဝါတိုင်များ၊ တံတားသံပေါင်များကို စနစ်တကျဖြင့် ဆက်လက်ထုတ်လုပ်သွားရန်လို . . .

❖ ဆောက်လုပ်ရေးသုံး သံမဏိများကို ပြည်ပမှနှစ်စဉ်ဝယ်ယူနေရပါက နိုင်ငံတော်အတွက် ငွေကြေးကုန်ကျမှုများပြားနေဦးမည်ဖြစ်၊ ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်အတွက် ရှိပြီးဖြစ်သည့် သံအရင်းအမြစ်များကို စနစ်တကျဖြင့် ထုတ်ယူအသုံးချသွားရန်လို . . .

★ **ရှေ့ဖုံးမှအဆက်**

ဆိုလာပြားစက်ရုံသို့ရောက်ရှိကြရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုမ္ပဏီအစည်းအဝေးခန်းမ၌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ်၏ ဆိုလာစွမ်းအင်နှင့် ပတ်သက်သည့်မူဝါဒနှင့်လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ အီလက်ထရောနစ် ပစ္စည်းနှင့် လျှပ်စစ်မော်တာအလုပ်ရုံဆိုင်ရာ အချက်အလက်များ၊ အမှတ်(၂၄) အကြီးစား စက်ရုံ(ဒဂုံ)၊ ဆိုလာပြားအလုပ်ရုံဆိုင်ရာအချက်အလက်များ၊ ဆိုလာပြားစျေးကွက်အခြေအနေနှင့် ပြည်ပမှ ဆိုလာပြားများတင်သွင်းနေရမှုအခြေအနေများ၊ ဆိုလာပြားထုတ်လုပ်မှုနည်းပညာများ၊ ဆိုလာပြားအမျိုးအစားများနှင့် နှိုင်းယှဉ်ချက်များ၊ ဆိုလာပြားများအသုံးပြု၍ နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေများကိုလည်းကောင်း၊ ရွှေကသာကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာက ကုမ္ပဏီအနေဖြင့် ဆိုလာပြားထုတ်လုပ်မှုလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆိုလာပြားထုတ်လုပ်မှုများ နှစ်အလိုက် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆိုလာပြားစက်ရုံ၌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရွှေကသာကုမ္ပဏီလီမိတက်မန်နေးဂျင်းဒါရိုက်တာတို့၏ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။

❖ ပြည်တွင်းမှထုတ်လုပ်ထားသည့် ဆိုလာပြားများအား ပြည်ပမှတင်သွင်းသည့်ဆိုလာပြားများနှင့် တန်းတူအရည်အသွေးရရှိအောင်ဆောင်ရွက်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ဆိုလာထုတ်လုပ်ခြင်းနည်းပညာများကိုလည်း မျက်ခြည်မပြတ်လေ့လာ၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လို၊ မိမိတို့နိုင်ငံအနေဖြင့် ရာသီဥတုသာယာကောင်းမွန်ပြီး နေသာသည့်ရက်များပြားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကိုအားပေးဆောင်ရွက်သွားရမည်ဖြစ် . . .

❖ မြို့ရွာများ၌လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဆိုပါက လူနေထိုင်မှုအဆင့်အတန်းများမြင့်မားလာမည်ဖြစ် . . .



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်ရုံအထိမ်းအမှတ်ဂါရဝပြုလက်ဆောင်ကို ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုမ္ပဏီမှထုတ်လုပ်ထားရှိသည့် ဆိုလာပြားများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **ပြည်တွင်းမှထုတ်လုပ်ထားသည့် ဆိုလာပြားများအား ပြည်ပမှတင်သွင်းသည့် ဆိုလာပြားများနှင့် တန်းတူအရည်အသွေးရရှိအောင်ဆောင်ရွက်**ရန်လိုကြောင်း၊ **ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ဆိုလာထုတ်လုပ်ခြင်း နည်းပညာများကိုလည်း မျက်ခြည်မပြတ်လေ့လာ၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လို**ကြောင်း၊ **မိမိတို့နိုင်ငံအနေဖြင့် ရာသီဥတုသာယာကောင်းမွန်ပြီး နေသာသည့်ရက်များပြားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ **ပြည်တွင်း၌ ဆိုလာပြားများကို လုံလောက်စွာထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်**ကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ကိုလည်း မထိခိုက်နိုင်သောကြောင့် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြည်ပမှလောင်စာဆီများကိုတင်သွင်းရလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်းရှိ ပြည့်ဖြိုးမြဲစွမ်းအင်များမှ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားဖူလုံပေါများစွာရရှိခြင်းဖြင့် လူမှုစီးပွားဘဝများသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ရရှိအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းများသည် အချိန်ရယူတည်ဆောက်ရပြီး ငွေကြေးများစွာသုံးစွဲရကြောင်း၊ တည်ဆောက်ချိန်တိုတောင်းသည့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားကို ကိုယ်ပိုင်တစ်ပိုင်တစ်နိုင်သုံးစွဲသည်မှ လုပ်ငန်းများ၊ စက်ရုံများလည်ပတ်နိုင်သည်အထိ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပျမ်းမျှအားဖြင့် ရက်ပေါင်း ၃၀၀ ကျော်ခန့်သည် အလင်းနှင့်နေရောင်ခြည်ကိုရရှိကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ၌ ဆိုလာလျှပ်စစ်ဓာတ်အားများဖြင့် အသုံးပြု၍ ကုန်ထုတ်လုပ်ခြင်းများဆောင်ရွက်သွားမည်ဆိုပါက ကုန်ထုတ်လုပ်မှုစရိတ်ကို များစွာလျှော့ချနိုင်ခြင်းကြောင့် အကျိုးအမြတ်များပိုမိုရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ငွေကြေးတတ်နိုင်သည့်လုပ်ငန်းနှင့်များအနေဖြင့် ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ၎င်းလုပ်ငန်းများဆောင်ရွက်သူများအတွက် Incentive များပေးသွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း Small Scale (အိမ်သုံး)မှ Large Scale (စက်ရုံသုံး)အထိ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ မြို့ရွာများ၌လည်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဆိုပါက လူနေထိုင်မှုအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်း၊ ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက်များစွာအကျိုးရှိစေမည့် လုပ်ငန်းဖြစ်ကြောင်း၊ ဆိုလာပြားများအား ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုပြီး ဆိုလာပြားထုတ်

❖ ပြည်တွင်းလိုအပ်ချက်များသည့် မော်တော်ဆိုင်ကယ်တာယာများ၊ သုံးဘီးဆိုင်ကယ်တာယာများနှင့် ကျွတ်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးပြည့်မီကောင်းမွန်ရေး၊ ပြည်တွင်းဈေးကွက်ဖူလုံမှုရှိစေရေးနှင့် ပြည်ပဈေးကွက်ရရှိရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက် . . .



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ(ရွာမ) မော်တော်ဆိုင်ကယ်တာယာနှင့် ကျွတ်ထုတ်လုပ်သည့်အလုပ်ရုံအတွင်း မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်တာယာများနှင့် ကျွတ်များထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

လုပ်မှုတိုးတက်ရေးနှင့်ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်စက်မှုဝန်ကြီးဌာနတို့ကပူးပေါင်း၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်း၌ Solar Panel များအား လုံလောက်စွာထုတ်လုပ်သွားကြရန်လိုကြောင်း။

လျှပ်စစ်နှင့်ပတ်သက်၍ ဝိုင်ယာကြိုးများကိုလည်းပြည်တွင်း၌လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝိုင်ယာကြိုးပြုလုပ်ရန်အတွက် အခြေခံဖြစ်သည့် ကြေးနီများလုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ ဝိုင်ယာကြိုးလုံလောက်စွာ ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်ရုံအထိမ်းအမှတ်ဂါရဝပြုလက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆိုလာပြားစက်ရုံအတွင်း ဆိုလာပြားများ ထုတ်လုပ်နေမှုအဆင့်ဆင့်နှင့် ဆိုလာပြားစမ်းသပ်ထုတ်လုပ်ရန် ၂၀၂၁ ခုနှစ်မှစတင်၍ ဈေးကွက်အတွင်းမှဝယ်ယူ၍ လေ့လာခဲ့သည့်ဆိုလာပြားများနှင့် ကုမ္ပဏီမှထုတ်လုပ်ထားရှိသည့် ဆိုလာပြားများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

တာယာစက်ရုံ(ရွာမ)

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ(ရွာမ) မော်တော်ဆိုင်ကယ်တာယာနှင့် ကျွတ်ထုတ်လုပ်သည့် အလုပ်ရုံသို့ရောက်ရှိစစ်ဆေးရာ စက်ရုံမှူးနှင့်တာဝန်ရှိသူများက မော်တော်ဆိုင်ကယ်၊

စာမျက်နှာ ၁၅ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၃)သံမဏိစက်ရုံ(ရွာမ)မှထွက်ရှိသည့် သံမဏိများနှင့်ပြည်ပနိုင်ငံများမှထုတ်လုပ်ထားသည့် သံမဏိများအား အရည်အသွေးနှိုင်းယှဉ်ပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၃) သံမဏိစက်ရုံ(ရွာမ)မှ ဝန်ထမ်းများအတွက်ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံမှူးကြီးကလက်ခံရယူစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၃)သံမဏိစက်ရုံ(ရွာမ)အတွင်း HRB-500 Steel Billet များထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်အား ကြည့်ရှုစစ်ဆေးစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects production promotion undertakings at factories in Yangon Region

NAY PYI TAW June 21

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC Joint Secretary General Ye Win Oo and members of the entourage and the Yangon Region Chief Minister, the Yangon Command Commander and officials, inspected production promotion undertakings at factories in Yangon Region this morning.



Senior General Min Aung Hlaing examines tires at a factory.



Senior General Min Aung Hlaing inspects solar panel production process.

No 2 Heavy Industries, electronic devices and electric motor workshop, Shwekatha Company Limited, solar panel factory

On arrival at the No 2 Heavy Industries, electronic devices and electric motor workshop, Shwekatha Company Limited, solar panel factory, the Senior General and party were welcomed by Union Minister for Industry Dr Charlie Than and officials.

At the meeting hall of the company, the union minister presented a report on progress in implementing the policy and directives in connection with solar power, points of the electronic devices and electric motor workshop and solar panel workshop, No 24 Heavy Industry (Dagon), market demand of solar panels, solar panel exports, solar panel manufacturing technology, types of solar panels and a comparison between them and use of solar panels in generating electricity, the managing director of Shwekatha Company Limited, on the solar panel production process and annual stage-by-stage progress of solar panel production.

In connection with the reports, the Senior General said domestically manufactured solar panels must meet the quality of their foreign counterparts. Local solar panel industries must enhance the quality of their products through constant

See Page - 19 ●●




Senior General Min Aung Hlaing inspects No 2 Steel Mill.



Senior General Min Aung Hlaing hears a report on functions of No 3 Steel Mill.





Senior General Min Aung Hlaing hears a report on progress in implementing the directives.

●● From Page - 18

study of the developing solar panel production technologies of the current age. As the country has fine weather and many sunny days, solar power production must be encouraged. It was in 2022 that progress in solar power generation was highlighted. The solar power industry is the fastest way to fulfil the country's electricity demand. Raw materials for solar panels must be produced within. For example, raw materials like silicon are a must and means must be sought to produce them domestically. Adequate production of solar panels internally will be a huge supplier for domestic electricity needs. Solar power must be encouraged as it is renewable and eco-friendly.

The country is importing fuel for electricity. In this regard, it should concentrate on various sources of renewable energy, as abundant electricity supply can further develop socioeconomic conditions. Although hydropower projects generate renewable energy, they need time and money. As solar power stations of any size from manageable-scale to industry use can be erected in a short time, it is a better alternative. On average, the country gets over 300 days of sunshine, and solar power promises low cost and higher profits for production industries. Entrepreneurs with financial power should turn their attention to making investments in the solar power industry, and they must be provided with incentives. The ministry should strive to erect solar power stations from home use to industrial use. Introduction of solar power in towns and villages will help raise the living standard. Solar power industry will be very beneficial for the country. The Ministry of Electric Power and the Ministry of Industry should join hands to fulfil local solar panel demand.



Senior General Min Aung Hlaing hears a report on salient points of electronic devices and electric motor workshop and solar panel workshop.

As regards electricity, local wire demand must be met through domestic production. As the country has an adequate supply of copper, the basic need for wires, efforts must be made to reach this end.

The Union Minister for Industry presented a commemorative gift of the plant to the Senior General.

The Senior General and party inspected production process of solar panels at the solar panel plant, the solar panels purchased from the market in 2021 for test production of solar panels, and products of the company and gave necessary guidance to officials.

Tyre Factory (Ywama)

In inspecting the workshop of Tyre Factory (Ywama) of Myanmar Economic Corporation which produces motorcycle tyres and tubes, the factory manager and officials reported to the Senior General on production of tyres and tubes for motorcycles and tri-wheeled cycles.

In his response, the Senior General gave guidance on making efforts to increase production of tyres and tubes for motorcycles and tri-wheeled cycles

See Page - 20 ●●



Senior General Min Aung Hlaing inspects a reservoir.

●● From Page - 19

to meet the domestic demand, to ensure production of quality products and sufficiency of domestic market, and seeking market share and other necessary measures.

No 3 Steel Mill (Ywama)

At the meeting hall of No 3 Steel Mill (Ywama) of MEC, the Senior General heard reports by SAC member MEC Chairman General Nyo Saw and the mill manager on the brief history of the mill, production process, efforts to produce high quality steel products, conducting quality control, reinstallation of machinery for the production machine which declines production capacity and upgrading of the machine, facts about the mill, production of steel and related accessories, bolt and nuts, production of steel products, machine capacity, systematic production of quality products, control of quality for deformed bars which are higher than the set quality, iron melting video documentation, and sending HRB-500 steel billets from the mill to the No 1 Steel Mill (Kyaukswekyo).

After hearing the reports, the Senior General stressed the need to encourage domestic steel production as construction sites in the country require steel products. Production must meet quantities and quality.

The Senior General inspected quality of steel products produced by the mill and foreign-made ones.

In visiting the mill, the Senior General inspected production of HRB-500 Steel Billets and gave necessary guidance to officials.

The Senior General presented cash awards for employees of the mill to the mill manager.

No 2 Steel Mill (Myaungdaga)

On arrival at No 2 Steel Mill (Myaungdaga) of MEC in Hmawbi Township, the Senior General heard reports by SAC member MEC Chairman General Nyo Saw on the brief history of the mill, accomplishment of the guidance given by the Senior General. The mill manager also presented a report on facts about the mill, production process, production of steel frames used at river crossing bridges up to date, manufacturing of steel frames for the overpasses, production of tower poles, coating of products, efforts to produce steel frames for bridges and related accessories, and manufacturing of tower poles.

In his speech, the Senior General said that as the steel production industry is an essential sector for the nation, the mill is necessary to systematically continue the production of tower poles and steel bridge frames. Since there is a high demand for deformed bars primarily used in construction, it is important to ensure sufficient domestic production. If steel products for construction projects have to be imported every year, it will result in a significant financial burden for the country. Therefore, it is necessary to systematically utilize the available domestic iron resources to meet production needs. Priority should be given to producing steel billets, from which deformed bars used in construction can subsequently be manufactured. Efforts must also be made to upgrade existing domestic steel mills. During the Mandalay earthquake, inspections revealed that some construction steel products lacked sufficient quality, which served as a lesson. To ensure strong and durable construction, it is necessary to produce high-quality steel products specifically for construction purposes.

The Senior General and party visited the mill and inspected production process of bridge frames and iron wares. The Senior General gave necessary guidance and presented cash awards for employees.

The Senior General and party inspected the jetty of the mill and gave necessary guidance to officials. **100**



Senior General Min Aung Hlaing presents cash award for employees at No.2 Steel Mill.

Authorities earmark cultivation of more than 900 acres of lablab bean in Pwintbyu Township

PWINTBYU June 21

A plan is underway to grow 981 acres of lablab bean in Pwintbyu Township of Magway Region this monsoon, according to Pwintbyu Township Agriculture Department.

In Pwintbyu Township, it is planned to cultivate 981 acres of lablab beans during this year's monsoon crop season. Planting will take place from June through September. At present, land preparation activities such as plowing and field preparation are underway to ensure timely sowing of the crops.

"This year, we have a plan to grow 981 acres of lablab beans in Pwintbyu Township during the monsoon season. At the moment, field preparation works are being carried out to ensure timely planting. We will supervise efforts to meet the targeted acreage," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

It is also learned that the Department of Agriculture will support local farmers in Pwintbyu Township who are growing lablab beans this monsoon season by expanding the cultivated area, improving yields, promoting cultivation using GAP (Good Agricultural Practices), and encouraging the use of high-yielding and regionally suitable quality seeds. Efforts will also be made to control pests and diseases, and ensure the adoption of appropriate post-harvest technologies through agricultural awareness and education programmes.

If lablab beans can be cultivated to achieve high yields, not only will domestic consumption be sufficiently met, but the surplus can also be exported, generating income and contributing to the socioeconomic development of the community. Therefore, Daw Moe Moe Wai emphasized that efforts should be made to expand lablab bean cultivation in all suitable areas. **SK**

Authorities set plan to grow more than 64,000 acres of monsoon paddy in Homalin Township this year

HOMALIN June 21

Local farmers will grow more than 64,000 acres of monsoon paddy in Homalin Township of Sagaing Region this year, according to Homalin Township Agriculture Department.

For the 2025-2026 monsoon cropping season, it is planned to cultivate 64,290 acres of monsoon paddy in Homalin Township. This cultivation is scheduled to take place from June to September of this year.

"This year, during the monsoon cropping season, over 64,000 acres of monsoon paddy are planned to be grown in Homalin Township. We will carry out necessary measures to ensure the full target acreage is cultivated. We will provide the necessary technology and quality seeds for monsoon paddy cultivation. To help farmers plant on time, we will also conduct on-site field support," said Daw Su Su Htwe, Head of the Homalin Township Department of Agriculture.

In order to ensure systematic monsoon paddy cultivation without difficulties this year, cooperation between the relevant township agriculture department and local farmers will be carried out.

Farmers in Homalin Township will be provided with agricultural technical assistance, pest and disease prevention awareness, guidance to prevent crop loss, and post-harvest support to ensure timely storage of harvested paddy under proper cover.

This year, in order to ensure success and high yields from monsoon paddy fields in Homalin Township, staff from the township agriculture department will provide field-level technical assistance such as selecting quality and pure seeds, preventing pest infestations, weeding and thinning, removing inferior varieties, and applying fertilizers systematically.

SMK

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects progress of Shwepyi Agriculture and Livestock Zone



Senior General Min Aung Hlaing inspects egg production factory.

NAY PYI TAW June 21

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC Joint Secretary General Ye Win Oo, entourage members, Yangon Region Chief Minister, Yangon Command Commander, and responsible officials, inspected the ongoing implementation of the Shwepyi Agriculture and Livestock Zone in Hmawbi Township, Yangon Region, this afternoon.

First, at the Agriculture and Livestock Zone briefing hall, the responsible official of the Shwepyi Agriculture and Livestock Zone presented updates on the progress of the zone's development, including current operations and future expansion plans for layer poultry farming, pig breeding and pork production activities, production of hybrid corn seed varieties, construction of an animal feed mixing factory, and efforts to increase high-yield corn seed cultivation.

Following the presentation, the Senior General emphasized the need for systematic management to ensure that meat, fish, eggs, and vegetables produced in the agriculture and livestock zone are efficiently supplied to the market. He noted that the establishment of such zones in Yangon Region aims to meet the daily food demands of its over 7 million residents.He stressed the importance of accurately calculating daily meat consumption needs and ensuring that production in each zone meets demand. If basic food commodities are sufficiently produced within the region, it will help reduce high market prices.The Senior General highlighted that balancing production and consumption of meat, fish, and eggs is essential to maintaining reasonable prices. Similarly, efforts must be made to increase fruit and vegetable cultivation within the region to ensure affordability for Yangon's residents. It is also necessary to boost the cultivation of enough kitchen crops. He emphasized the need to further develop livestock and agricultural businesses in Yangon Region so that residents can purchase and consume goods at reasonable prices. It is essential to quickly distribute meat, fish, eggs, and vegetables produced by these farming and livestock operations to consumers through efficient market channels. These efforts aim to ensure that the people of Yangon Region have abundant and affordable access to food. Additionally, in carrying out agricultural and livestock activities, the primary focus must be on improving productivity and enhancing output quality.

Afterwards, the Senior General reviewed a miniature layout of the Shwepyi Agriculture and Livestock Zone and discussed necessary measures for further development.

Later, the Senior General and party toured the zone, inspecting pig breeding operations with cooling systems, and fully automated layer poultry farming. The Senior General then provided further guidance based on reports from responsible officials.

100



Senior General Min Aung Hlaing hears a report on a layer farm.

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

၂၀၂၅ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်းတို့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အကြို "စာပေဟောပြောပွဲ" အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိမြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင် ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်း နာယကနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းမှကျောင်းသူ လေးများက ရတနာပုံအကဖြင့်ဖျော်ဖြေတင်ဆက်ပြီး စာပေပညာရှင် ဆရာမမမိုးမြေက "အတိတ်ခေတ် မြန်မာအမျိုးသမီး၏ပုံရိပ်များ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှကျောင်းသူ လေးများက မလေးလက်ခတ်သံ အကဖြင့် ဖျော်ဖြေတင်ဆက်ပြီး စာပေပညာရှင် ဒေါက်တာနန္ဒဝင်း(ဆေး-ဘ)က "အနာဂတ်၏ ဖန်တီးရှင်မိခင်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာ့သိုင်းအဖွဲ့ချုပ်၊ ရန်ကုန်တိုင်း သိုင်းဆပ်ကော်မတီမှ အားကစားသမားများက သရုပ်ပြတင်ဆက်ကြပြီး စာပေပညာရှင် ဒေါက်တာခင်ဆွေမြင့်က "စာပေထဲက မိန်းမလှ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး အားကစားဆပ်ကော်မတီမှ Fitness Dance ဖြင့် ဖျော်ဖြေတင်ဆက်ပြီး စာပေပညာရှင် မြင်းမူမောင်နိုင်မိုးက "ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှကျောင်းသူ လေးများက ဝေဖယန္တာ(အဆို၊အတီး၊အက) ဖြင့်ဖျော်ဖြေတင်ဆက်ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်း မြင့်အောင်နှင့်တာဝန်ရှိသူများက ဟောပြောပေးခဲ့ကြသည့် စာပေပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသူများအား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်း တို့မှ တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

၂၀၂၅ ခုနှစ် (၁၁)နှစ်မြောက်အပြည်ပြည်ဆိုင်ရာ ယောဂနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏဘူမိကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ Emcee, Director, Dr. Ashish Kumar က နှုတ်ခွန်းဆက်စကားပြောကြား၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur က အမှာစကားပြောကြားပြီး ယောဂကျင့်စဉ်သမိုင်းကြောင်းကို Video Clip ဖြင့်ပြသကာ ယောဂသင်တန်းကျောင်းမှ ဆရာမနှစ်ဦးက ယောဂကျင့်စဉ်များကို ဦးဆောင်သရုပ်ပြသသည်။

ယင်းနောက် Emcee, Director, Dr. Ashish Kumar က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur က အမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွှန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံ အားကစားရုံသို့ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲတွင်ပဏာမလက်ရွေးစင် ဘော်လီဘော (ခ) အသင်းနှင့် (ဂ) အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးကာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုရရှိသည့်အသင်းတို့မှ အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။


မြဝတီ

(၂၁-၆-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မိုးလေဝသ သတင်း



အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄°C	/	၃၀°C
ရန်ကုန်	၂၃°C	/	၂၉°C
မန္တလေး	၂၇°C	/	၃၅°C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ဇွန်လကုန်မှာ မြင်တွေ့ရတော့မယ့် Xiaomi ရဲ့ လျှပ်စစ်စွမ်းအင်သုံး YU7 SUV



Xiaomi ကုမ္ပဏီဆိုတာ တရုတ်နိုင်ငံရဲ့နည်းပညာကုမ္ပဏီတစ်ခုဖြစ်သလို အရင်တုန်းက ဖုန်းများနဲ့ လူသုံးလျှပ်စစ်ပစ္စည်းများကိုသာ ထုတ်လုပ်ခဲ့ပေမယ့် အခုနောက်ပိုင်းမှာ လျှပ်စစ်စွမ်းအင်သုံးမော်တော်ကားများကိုပါ အောင်မြင်စွာ ထုတ်လုပ်လာနိုင်တာကိုတွေ့ရပါတယ်။ သူတို့ရဲ့ ပထမဆုံးသော လျှပ်စစ်ကားအမျိုးအစားက SU7 ဖြစ်ပါတယ်။ SU7 ကိုထုတ်လုပ်မှုနဲ့အတူ အောင်မြင်မှုလည်းရရှိထားပါတယ်။ ဒါကြောင့် Xiaomi အနေနဲ့ သူတို့ရဲ့အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် နောက်ထပ်လျှပ်စစ်စွမ်းအင်သုံးကားတစ်မျိုးကို ထုတ်လုပ်လိုက်ပါတယ်။ အဲဒါကတော့ YU7 ပါပဲ။ SU7 က Sedan ကားဖြစ်ပေမယ့် YU7 ကတော့ SUV အမျိုးအစားဖြစ်ပါတယ်။

Xiaomi ကုမ္ပဏီက YU7 SUV ကိုထုတ်လုပ်ထားပြီးဖြစ်ပေမယ့်လည်း ဇူလိုင်လမှသာ တရားဝင်ဖြန့်ချိသွားမှာဖြစ်တယ်လို့ ကုမ္ပဏီကအစောပိုင်းမှာပြောထားပါတယ်။ ဒါပေမဲ့ မကြာသေးမီကထွက်ပေါ်လာတဲ့ ကုမ္ပဏီအမှုဆောင်ချုပ်နဲ့တည်ထောင်သူရဲ့ ပြောစကားတစ်ခုကြောင့် YU7 SUV က ယခင်သတ်မှတ်ထားတဲ့အချိန်ထက် ပိုစောပြီးထွက်ပေါ်လာဖို့ရှိနေပါတယ်။ ကုမ္ပဏီအမှုဆောင်ချုပ်နဲ့တည်ထောင်သူ လေးကျွန်းက သူတို့အနေနဲ့ YU7 SUV ကို ဒီလကုန်မှာမြင်တွေ့ရစေဖို့ ကြိုတင်ပြင်ဆင်မှုတွေလုပ်ဆောင်နေတယ်ဆိုပြီး လူမှုကွန်ရက်မှာတင်ထားတာဖြစ်ပါတယ်။ ဒါကြောင့် အရင်တုန်းက ဇူလိုင်လမှသာထွက်ပေါ်လာဖို့ရှိနေတဲ့ YU7 SUV ကို အခုလကုန်မှာ မြင်တွေ့ရတော့မှာပါ။ အခုဆိုရင်ပဲ တရုတ်နိုင်ငံရဲ့ မြို့ပေါင်း ၈၆ မြို့နယ်ရှိ အရောင်းဆိုင်ပေါင်း ၃၁၇ ဆိုင်မှာပြသမယ့် YU7 SUV တွေက ဇွန်လလယ်ကတည်းကရောက်ရှိနေပါပြီ။

SU7 လျှပ်စစ်စွမ်းအင်သုံးကားနဲ့အောင်မြင်မှုရရှိထားတဲ့ Xiaomi ကုမ္ပဏီက အခုတစ်ခေါက်မှာလည်း ဝယ်ယူသူများရဲ့ စိတ်ဝင်စားမှုကိုအမြင့်ဆုံးရရှိထားပါတယ်။ မေလနှောင်းပိုင်းမှာ Xiaomi ကုမ္ပဏီရဲ့ ဥက္ကဋ္ဌလုဝေဘင်းက အခုတစ်ကြိမ် YU7 SUV ကိုမှာယူဖို့အတွက် ကြိုတင်ငွေပေးချေကြသူအရေအတွက်က SU7 မှာတုန်းက ကြိုတင်ငွေပေးချေသူအရေအတွက်ထက် သုံးဆပိုများတယ်လို့ဆိုထားပါတယ်။ ကုမ္ပဏီက YU7 SUV နဲ့ပတ်သက်ပြီး အမွှမ်းတင်ပြောဆိုထားမှုတွေရှိပေမယ့်လည်း အရေးကြီးတဲ့ အရာတစ်ခုကိုတော့ ထုတ်ဖော်ပြောဆိုထားခြင်းမရှိသေးပါဘူး။ အဲဒါကတော့ YU7 SUV ရဲ့စျေးနှုန်းပါပဲ။


တချို့ကလည်း YU7 SUV ရဲ့စျေးနှုန်းက ယွမ် ၂၃၅၉၀၀ ရှိတယ်လို့ဆိုကြပေမယ့် လေးကျွန်းက ဒီပြောဆိုမှုတွေကိုငြင်းဆိုထားပါတယ်။ ဒါ့အပြင် YU7 SUV ရဲ့စျေးနှုန်းက SU7 ရဲ့စျေးနှုန်းကြားကွာခြားမှုရှိမှာဖြစ်ပြီး အဲဒီကွာခြားမှုက ယွမ် ၂၀၀၀၀ ထက်ပိုမယ်လို့လည်း ပြောထားပါတယ်။ အရင်ထုတ်လုပ်ခဲ့တဲ့ SU7 ရဲ့စျေးနှုန်းက ယွမ် ၂၁၅၉၀၀ ကနေစတင်တာပါ။ ဒါကြောင့် YU7 SUV ရဲ့စျေးနှုန်းအတိအကျက တရားဝင်မိတ်ဆက်ပွဲ ဒါမှမဟုတ် အဲဒီမိတ်ဆက်ပွဲမတိုင်မီ တစ်ရက်၊ နှစ်ရက်အလိုမှာ ထွက်ပေါ်လာနိုင်တယ်လို့ယူဆရပါတယ်။

Xiaomi ကုမ္ပဏီအနေနဲ့ အခုထုတ်လုပ်ထားတဲ့ YU7 SUV မှာ အဓိကကျတဲ့အခန်းကဏ္ဍက သူ့ရဲ့ လေခွင်းအားပုံစံဖြစ်ပါတယ်။ သူ့မှာ လေဖြတ်သန်းစီးဆင်းနိုင်တဲ့လမ်းကြောင်းစုစုပေါင်း ၁၀ ခုအပြင် အဆင်ပြေအောင်ဖန်တီးထားတဲ့ လေပေါက်ပေါင်း ၁၉ ခုအထိပါဝင်နေတာကိုတွေ့ရပါတယ်။ YU7 SUV ကမြင်းကောင်ရေ ၃၁၆ ကောင်အားထုတ်ပေးနိုင်မယ့် လျှပ်စစ်မော်တာတစ်လုံးကိုတပ်ဆင်ထားပြီး အမြင့်ဆုံးအမြန်နှုန်းအနေနဲ့ တစ်နာရီကို ကီလိုမီတာ ၂၄၀ နှုန်းအထိမောင်းနှင်နိုင်စေမှာပါ။ သူ့မှာတပ်ဆင်ထားတဲ့ ဘက်ထရီစွမ်းအင်ပမာဏက ၉၆ ဒသမ ၃ ကီလိုဝပ်နာရီရှိတာကြောင့် အားအပြည့်သွင်းရင် ၈၃၅ ကီလိုမီတာအထိသွားနိုင်မှာဖြစ်ပါတယ်။ ဘက်ထရီအားသွင်းတဲ့အခါမှာလည်း ၁၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းအထိကို ၁၂ မိနစ်ပဲကြာမှာဖြစ်ပြီး ၁၅ မိနစ်အထိအားသွင်းပြီးတဲ့အခါမှာတော့ ကီလိုမီတာ ၆၂၀ အထိမောင်းနှင်နိုင်စေမှာဖြစ်ပါတယ်။ နောက်ထပ်အားသာချက်တစ်ခုက သူ့မှာအသုံးပြုထားတဲ့ အောက်ပိုင်းစနစ်က အနိမ့်အမြင့်ကို ငါးမျိုးအထိချိန်ညှိလို့ရတာကြောင့် မြေပြင်ကင်းလွတ်အမြင့်ကို ၈ ဒသမ ၇ လက်မအထိရရှိစေမှာပါ။ ယာဉ်မောင်းသူအထောက်အပံ့စနစ်အတွက် LiDar sensor၊ 4D milimeter-wave ရေဒါ၊ အဆင့်မြင့်ကင်မရာ ၁၁ လုံးနဲ့ အသံလှိုင်းရေဒါ ၁၂ လုံးတို့ တပ်ဆင်ထားတယ်လို့ဆိုပါတယ်။

Ref: AE

ကိုထက်

လျှပ်စစ်ကားများရဲ့ဘက်ထရီသက်တမ်းက ရေရှည်မခံဘူးဆိုတာ ဟုတ်ပါ့မလား



လျှပ်စစ်စွမ်းအင်သုံးကားများနဲ့ပတ်သက်လို့ လူပြောများနေတဲ့အချက်တစ်ချက်က သူ့မှာပါဝင်တဲ့ ဘက်ထရီအကြောင်းပါ။ အဲဒီဘက်ထရီတွေက အရွယ်အစားလည်းကြီးသလို စျေးနှုန်းကလည်းမြင့်မားပါတယ်။ သူတို့ကိုလဲလှယ်မယ်ဆိုရင်လည်း ကားတစ်စီးစာလောက်ကို ကုန်ကျနိုင်တယ်လို့ဆိုကြပါတယ်။ အပြောများတဲ့တစ်ချက်ကတော့ သူ့ရဲ့သက်တမ်းပါ။ အဲဒီဘက်ထရီတွေက ၁၀ နှစ်ပဲ သက်တမ်းခံမယ်ဆိုပြီးပြောနေကြတာဖြစ်ပါတယ်။ လူအများစုကလည်း အဲဒီပြောဆိုချက်တွေအတိုင်းမှတ်သားထားကြပါတယ်။ ဒါပေမဲ့ အဲဒီပြောဆိုမှုတွေက တကယ်လား။ အထူးသဖြင့် ဘက်ထရီတွေရဲ့သက်တမ်းကနည်းတယ်ဆိုတာ တကယ်ပဲလားဆိုတာကို သုတေသနပညာရှင်တွေကလက်တွေ့လေ့လာမှုတွေလုပ်ခဲ့ကြပါတယ်။

ဒီလေ့လာမှုကိုတော့ Geotab ဆိုတဲ့ကုမ္ပဏီကလုပ်တာပါ။ သူတို့က လျှပ်စစ်စွမ်းအင်သုံးကားပေါင်း ၁၀၀၀၀ ကျော်ကိုစောင့်ကြည့်မှုတွေနဲ့အတူ လေ့လာမှုတွေလုပ်ခဲ့ရာမှာ ဒီကားတွေရဲ့ ဘက်ထရီသက်တမ်းက မထင်ထားလောက်အောင်မြင့်မားတာတွေ့ရပါတယ်။ သူတို့တွေ့ရှိတဲ့အချက်အလက်တွေအရ လျှပ်စစ်ကားတစ်စီးမှာပါတဲ့ ဘက်ထရီရဲ့ပျမ်းမျသက်တမ်းဟာ နှစ်ပေါင်း ၂၀ တောင်ရှိတယ်လို့ဆိုပါတယ်။

ဘက်ထရီဆိုတာက အချိန်ကာလကြာမြင့်လာတာနဲ့အမျှ စွမ်းဆောင်ရည်လျော့ကျတတ်တာကပုံမှန်ပါပဲ။ စွမ်းဆောင်ရည်ကျဆင်းမှုက တစ်နှစ်ကို ၁ ဒသမ ၈ ရာခိုင်နှုန်းရှိပါတယ်။ ဒီလိုကျဆင်းမှုနဲ့အတူ လျှပ်စစ်စွမ်းအင်သုံးကားရဲ့ မူလရောက်ရှိနိုင်တဲ့မိုင်နှုန်းကလည်း ကျဆင်းသွားပါတယ်။ ဒါပေမဲ့ ဒီလောက်ကျဆင်းမှုက သိပ်တော့မပြောပပါဘူး။ နှစ်ပေါင်း ၂၀ ကြာတဲ့အခါမှာ လျှပ်စစ်စွမ်းအင်သုံးကားတစ်စီးက သူ့ရဲ့မူလမိုင်နှုန်းထက် ၆၄ ရာခိုင်နှုန်းအထိဆက်သွားနိုင်နေဦးမယ်လို့ ပညာရှင်များရဲ့ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

ဘက်ထရီရဲ့စွမ်းဆောင်ရည်ကိုကျဆင်းစေတဲ့အကြောင်းရင်းများအနက် အဓိကအကျဆုံးတစ်ခုက ရာသီဥတုပါ။ ပူပြင်းတဲ့ပတ်ဝန်းကျင်မှာမောင်းရင်တော့ ဘက်ထရီရဲ့စွမ်းဆောင်ရည်အပေါ်မှာ သက်ရောက်မှုရှိစေမှာဖြစ်ပြီး ဂရုစိုက်မှုအပေါ်မူတည်လို့ ဘက်ထရီရဲ့သက်တမ်းနဲ့သူ့ရဲ့စွမ်းဆောင်ရည်ကလည်း ကွာခြားသွားနိုင်ပါတယ်။ ခေတ်မီကားတွေမှာတော့ ဘက်ထရီအအေးပေးစနစ်ကို ကောင်းစွာအသုံးပြုထားတာကြောင့် ဒီတစ်ချက်ကလည်း သိပ်တော့ပြောပလောက်တဲ့အခြေအနေမရှိပါဘူး။ ဒါပေမဲ့ အတတ်နိုင်ဆုံးကားကိုအရိပ်ထဲမှာရပ်တာ၊ အားသွင်းရင်လည်းအရိပ်ထဲမှာသွင်းတာမျိုးတွေတော့ လုပ်ပေးသင့်ပါတယ်လို့ လေ့လာသူများကအကြံပြုထားပါတယ်။

Ref: AE

ကိုထက်

အရှေ့အလယ်ပိုင်းအရေးတွင် တရုတ်နိုင်ငံက ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းသည့်နိုင်ငံဖြစ်လာနိုင်

ပေကျင်း၊ နိုင်ငံရေး

အစ္စရေးနှင့်အီရန်တို့ကြားဖြစ်ပွားနေသည့်ပဋိပက္ခသည် သီတင်းပတ်တစ်ပတ်ကိုကျော်လွန်လာချိန်တွင် အရှေ့အလယ်ပိုင်းအရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံက ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းသည့်နိုင်ငံဖြစ်လာနိုင်ကြောင်း လေ့လာသူများကပြောသည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် ဇွန်လ ၁၉ ရက်တွင် တယ်လီဖုန်းဖြင့်ဆွေးနွေးစကားဆိုစဉ် တရုတ်နိုင်ငံက အရှေ့အလယ်ပိုင်းရှိ ပဋိပက္ခဖြစ်ပွားနေသော နိုင်ငံများအားလုံးနှင့် ခိုင်မာသောဆက်ဆံရေးကိုထိန်းသိမ်းသွားရန်ဆန္ဒရှိကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ၌ ငြိမ်းချမ်းရေးကိုပြန်လည်ဆောင်ကြဉ်းရာတွင် အပြုသဘောဆောင်သောအခန်းကဏ္ဍမှ ပါဝင်သွားမည်ဖြစ်ကြောင်း ပြောထားသည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံတို့ကြားရှိ ခါးသီးလှသောဆက်ဆံရေးကို ပြန်လည်နွေးထွေးအောင် ဆောင်ရွက်ပေးနိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် မှတ်ကျောက်အတင်ခံထားရသောကြောင့် အရှေ့အလယ်ပိုင်းတွင် ငြိမ်းချမ်းရေးကိုဆောင်ကြဉ်းပေးနိုင်စွမ်းရှိသူဖြစ်ကြောင်း လေ့လာသူများကသုံးသပ်ထားသည်။

အလားတူ တရုတ်နိုင်ငံသည် လက်ရှိဖြစ်ပွားနေသော အရှေ့အလယ်ပိုင်းအရေးနှင့်ပတ်သက်၍ အမေရိကန်နှင့်ထိပ်တိုက်တွေ့ဆုံမှုကို ရှောင်ရှားနိုင်ရေးအတွက် စစ်ရေးအရတိုက်ရိုက်ပါဝင်မှုကို ရွေးချယ်ခြင်းမရှိဘဲ ငြိမ်းချမ်းရေးရစေမည့်လမ်းကိုသာရွေးချယ်ခြင်းဖြစ်ကြောင်း လေ့လာသူများကဆိုသည်။

တရုတ်တာဝန်ရှိသူများသည် အစ္စရေးနှင့်အီရန်တို့ကြား အပြန်အလှန်တိုက်ခိုက်မှုများစတင်ဖြစ်ပွားကတည်းက အဆိုပါနှစ်နိုင်ငံအနေဖြင့် အပစ်အခတ်ရပ်စဲရန် အကြိမ်ကြိမ်တောင်းဆိုထားကြောင်းသိရသည်။ **Ref: TST**



အိန္ဒိယနိုင်ငံအနေဖြင့် အိန္ဒုမြစ်ကြောင်းသဘောတူညီချက်ကို ပြန်လည်အသက်သွင်းမည်မဟုတ်ဟုဆို

နယူးဒေလီ၊ ဆက်ဆံရေး

အိန္ဒိယနိုင်ငံအနေဖြင့် ဆိုင်းငံ့ထားသော ပါကစ္စတန်နှင့် အိန္ဒုမြစ်ကြောင်းသဘောတူညီချက်ကို ပြန်လည်အသက်သွင်းသွားမည်မဟုတ်ကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီးအမစ်ရှားက အင်တာဗျူးတစ်ခုတွင် ပြောသည်ဟု Times of India သတင်းစာက ဇွန်လ ၂၁ ရက်တွင်ဖော်ပြထားသည်။

ထို့ပြင် အိန္ဒုမြစ်မှနေ၍ ပါကစ္စတန်နိုင်ငံအတွင်းသို့စီးဆင်းလျက်ရှိသော ရေလမ်းကြောင်းကိုပြောင်းလဲ၍ ပြည်တွင်းခ်ဲသုံးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမစ်ရှားကဆက်ပြောသည်။



အိန္ဒိယနိုင်ငံပိုင်ကက်ရှမီးယားဒေသ၌ ဖြစ်ပွားသောအကြမ်းဖက်တိုက်ခိုက်မှုတွင် အရပ်သား ၂၆ ဦးသေဆုံးပြီးနောက် ယင်းအကြမ်းဖက်တိုက်ခိုက်မှု၏နောက်ကွယ်၌ ပါကစ္စတန်နိုင်ငံပါဝင်နေသည်ဟုဆိုကာ အိန္ဒိယနိုင်ငံက ထိုနိုင်ငံနှင့်ရရှိထားသော အိန္ဒုမြစ်ကြောင်းမှ ရေခွဲဝေအသုံးပြုရေးသဘောတူညီချက်ကို ဆိုင်းငံ့ထားခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက်ရေအရင်းအမြစ် ၈၀ ရာခိုင်နှုန်းက အိန္ဒိယနိုင်ငံ၌မြစ်ဖျားခံသော အိန္ဒုမြစ်မှရရှိခြင်းဖြစ်ကြောင်းသိရသည်။ **Ref: TOI**

ထိုင်းဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်ခြင်းမရှိသလို လွှတ်တော်ကိုလည်းဖျက်သိမ်းမည်မဟုတ်

ဘန်ကောက်၊ နိုင်ငံရေး

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်အနေဖြင့် လက်ရှိဖြစ်ပွားနေသော နိုင်ငံရေးအကျပ်အတည်းကြောင့် ရာထူးမှနုတ်ထွက်ခြင်းမရှိသလို လွှတ်တော်ကိုလည်း ဖျက်သိမ်းသွားမည်မဟုတ်ကြောင်း အာဏာရဖူထိုင်းပါတီမှ တာဝန်ရှိသူတစ်ဦးက ဇွန်လ ၂၁ ရက်တွင်ပြောသည်။

နိုင်ငံကရင်ဆိုင်နေရသော ပဋိပက္ခများကို အကောင်းဆုံးကိုင်တွယ်ဖြေရှင်းနိုင်ရန် တာဝန်ကို ဆက်လက်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကပြောသည်ဟု ခရီးသွားလုပ်ငန်းဝန်ကြီးက လူမှုကွန်ရက်တွင်တင်ထားသည်။ ထိုင်းဝန်ကြီးချုပ်က ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟောင်းဟွန်ဆန်နှင့်ဖုန်းပြောသည့် အသံဖိုင်ပေါက်ကြားပြီးနောက် နိုင်ငံရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ **Ref: TST**

သတင်းတိုကဏ္ဍ

အသုံးစရိတ်ပိုမိုတောင်းဆိုမှုကြောင့် ဂျပန်အစိုးရက အမေရိကန်နှင့်အစည်းအဝေးကိုဖျက်သိမ်း

ဂျပန်အစိုးရအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်ကိုပိုမိုသုံးစွဲရန် အမေရိကန်ဘက်ကတောင်းဆိုမှုကြောင့် ၎င်းတို့နှစ်နိုင်ငံကြား နှစ်စဉ်ဆောင်ရွက်သည့်အဆင့်မြင့်အရာရှိအဆင့် ကာကွယ်ရေးဆိုင်ရာအစည်းအဝေးကို ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

အဆိုပါနှစ်နိုင်ငံကြား လုံခြုံရေးအစည်းအဝေးအဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုနှင့် ကာကွယ်ရေးဝန်ကြီး ပီဟက်ဆက်သ်တို့က ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာကဲရှီအိဝါယာ၊ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးနာကာတာနီတို့နှင့် ဇူလိုင်လ ၁ ရက်တွင် ဝါရှင်တန်မြို့၌ တွေ့ဆုံရန်စီစဉ်ထားသည်။

သို့သော် ဂျပန်နိုင်ငံအနေဖြင့် GDP ၏ ၃ ဒသမ ၅ ရာခိုင်နှုန်းကို ကာကွယ်ရေးအသုံးစရိတ်အဖြစ်အသုံးပြုရန် အမေရိကန်အစိုးရက တောင်းဆိုသောကြောင့် ဂျပန်နိုင်ငံဘက်က ထိုအစည်းအဝေးကို ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။ ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ရန်တောင်းဆိုမှုကို ယခင်တောင်းဆိုမှုဖြစ်သည့် ၃ ရာခိုင်နှုန်းထက်ပိုများနေသည်။ **Ref: SCMP**

တက်စလာကုမ္ပဏီက တရုတ်နိုင်ငံ၌ အကြီးစားဓာတ်အားပေးစက်ရုံ တည်ဆောက်မည်

တက်စလာကုမ္ပဏီအနေဖြင့် တရုတ်နိုင်ငံ၌ အကြီးစားဓာတ်အားပေးစက်ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဇွန်လ ၂၀ ရက်တွင်ထုတ်ပြန်ကြေညာသည်။ အဆိုပါစီမံကိန်းသည် လျှပ်စစ်ဓာတ်အားများကိုသိုလှောင်ပြီး ဓာတ်အားလိုင်းထဲသို့လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနိုင်မည့်စီမံကိန်းဖြစ်ကာ မြို့ပြလျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့်ပတ်သက်နေသော ဖိအားများကို ထိရောက်မှုရှိစွာဖြေရှင်းနိုင်စေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုစီမံကိန်းကို တက်စလာရှန်ဟိုင်း၊ ရှန်ဟိုင်းတာဝန်ရှိသူများ၊ တရုတ်ကန်းဖူကုမ္ပဏီတို့က လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်ပြီး စီမံကိန်းတန်ဖိုးအဖြစ် ရင်းနှီးမြှုပ်နှံမှုမှာ ယွမ် ၄ ဘီလီယံအထိရှိကြောင်း Yicai သတင်းစာကဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အနေဖြင့် ယခုလအစောပိုင်းတွင် နှစ်နိုင်ငံကြားစီးပွားရေးဆိုင်ရာ မူဘောင်သဘောတူညီချက်ရရှိပြီးနောက် ယခုစီမံကိန်းကို လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **Ref: TST**

ပါကစ္စတန်က ငြိမ်းချမ်းရေးနိုဘယ်ဆုအတွက် ဒေါနယ်ထရမ့်ကို ထောက်ခံမည်

ပါကစ္စတန်နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးနိုဘယ်ဆုအတွက် အမေရိကန်သမ္မတ ဒေါနယ်ထရမ့်ကို ထောက်ခံသွားမည်ဖြစ်ကြောင်း ဇွန်လ ၂၁ ရက်တွင်ပြောသည်။ ထရမ့်သည် မကြာသေးမီကဖြစ်ပွားသော အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့ကြား ပဋိပက္ခကိုဖြေရှင်းရန် ကြားဝင်ကူညီပေးခဲ့ခြင်းကြောင့် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ရရှိရန် ထောက်ခံပေးရခြင်းဖြစ်သည်ဟု ပါကစ္စတန်အစိုးရက ပြောသည်။

ယခုကဲ့သို့လုပ်ဆောင်ချက်သည် ထရမ့်အနေဖြင့် အစ္စရေးဘက်မှပါဝင်ကူညီ၍ အီရန်ကိုတိုက်ခိုက်ရန်ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်စေမည်ဖြစ်ကြောင်း လေ့လာသူအချို့ကပြောသည်။

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့က မေလတွင် လေးရက်ကြာအပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ထရမ့်က အဆိုပါနှစ်နိုင်ငံကြား အပစ်အခတ်ရပ်စဲရေးရရှိပြီဟု ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။ နှစ်နိုင်ငံကြား အပစ်အခတ်ရပ်စဲရေးရရှိခြင်းသည် နှစ်နိုင်ငံတာဝန်ရှိသူများ၏လုပ်ဆောင်ချက်ကြောင့်သာဖြစ်သည်ဟု အိန္ဒိယကပြောသည်။ **Ref: TST**

SPIEF ၌ ဒေါ်လာဘီလီယံ ၈၀ တန်ဖိုးရှိသည့် စာချုပ်ပေါင်း ၁၀၆၀ ကိုလက်မှတ်ရေးထိုးနိုင်

ရုရှားနိုင်ငံ၌ ကျင်းပလျက်ရှိသော စိန့်ပီတာစဘ့်အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်(SPIEF)၌ အမေရိကန်ဒေါ်လာဘီလီယံ ၈၀ တန်ဖိုးရှိသည့် စာချုပ်ပေါင်း ၁၀၆၀ ကို လက်မှတ်ရေးထိုးနိုင်ကြောင်း အခမ်းအနားဖြစ်မြောက်ရေးကော်မတီအမှုဆောင်အတွင်းရေးမှူး အန်တွန်ကော့ယာကော့ဂ ဇွန်လ ၂၁ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါဖိုရမ်သို့ နိုင်ငံပေါင်း ၁၄၀ ကျော်မှကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကာ ယခုသဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ကော့ယာကော့ကဆက်ပြောသည်။

ထိုဖိုရမ်တွင် ရုရှားနှင့်အမေရိကန်ပြည်ထောင်စုတို့အပါအဝင်အဓိကကျသော နိုင်ငံကြီးများကြား စီးပွားရေးဆွေးနွေးမှုစုစုပေါင်း ၂၄ ခုကိုဆောင်ရွက်နိုင်ခဲ့သည်။ (၂၈)ကြိမ်မြောက် SPIEF ဖိုရမ်ကို “မျဉ်သောတန်ဖိုးများ” ခေါင်းစဉ်ဖြင့် ဇွန်လ ၁၈ ရက်မှ ၂၁ ရက်အထိကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ **Ref: Sputnik**

ဆေးဖက်ဝင် ကနခိုနှင့် သတိပြုစရာ

"ရှေးနှစ် ၁၀၀ ကျော်က တိုင်းရင်းဆေးကျမ်းများကို လေ့လာကြည့်ရာ အဆိပ်ဆေးပင်များကိုသုံးစွဲခဲ့ကြောင်း တွေ့ရှိရပြီး သန့်စင်နည်း၊ သုဒ္ဓပြုနည်းများကိုလည်း ရေးသားမှတ်တမ်းတင်ထားကြောင်း တွေ့ရသည်။

ဥပမာ-ကနခိုစေ့သည် ဝမ်းနုတ်ဆေးအတော်များများတွင်ပါဝင်သော ပစ္စည်းဖြစ်သည်။ ကနခိုသည် ပူပြီး ဝမ်းသက်စေသောသတ္တိရှိသည်။ အနောက်တိုင်းဆေးကျမ်းများတွင်လည်း ကနခိုစေ့သည် အူများကို လှိုင်းထစေပြီး ဝမ်းလျှောစေသော ပြင်းထန်သည့်အာနိသင်ရှိကြောင်း ဖော်ပြထားသည်. . ."

တိုင်းရင်းဆေးပညာတွင် ဆေးပင်များမှာ နွယ်မြက်သစ်ပင်များသာဖြစ်သော်လည်း တချို့ဆေးပင်များမှာ စားသုံးလျှင် အသက်အန္တရာယ်ဖြစ်စေနိုင်သော အဆိပ်ပင်များဖြစ်ကြောင်း တွေ့ရသည်။

ထိုအဆိပ်ပင်၏ အသီး၊ အပွင့်၊ အခေါက်၊ အမြစ်များကို သုံးစွဲဖော်စပ်ထားသောဆေးများမှာ ဆေးကောင်းသန်းခေါင်းဆိုသကဲ့သို့ အနည်းငယ်သောက်ရုံဖြင့် ထိရောက်သော၊ အာနိသင်ပြသော ဆေးစွမ်းကောင်းများဖြစ်ကြောင်း တွေ့ရသည်။

ထိုသို့ အဆိပ်ပင်များကို သုံးစွဲခဲ့သော ရှေးက ဆေးဆရာကြီးများ၏ နည်းနာများကို လေ့လာကြည့်သောအခါ သုဒ္ဓပြု၍ သုံးစွဲကြကြောင်း တွေ့ရသည်။ သုဒ္ဓပြုသည်ဆိုသည်မှာ သန့်စင်အောင်ပြုလုပ်ခြင်းပင်ဖြစ်သည်။ မလိုအပ်သောအညစ်အကြေးကို သန့်စင်ခြင်း၊ ပိုလျှံသောအဆိပ်ကို သန့်စင်ခြင်းနှင့် ဘေးထွက်ဆိုးကျိုးများကို သန့်စင်ခြင်းတို့ ပြုလုပ်ကြသည်။

ထိုသို့သန့်စင်ပြီးသော အဆိပ်ကိုသာ ဆေးအဖြစ်သုံးကြသည်။ ဆေးဖော်သောအခါတွင်လည်း ယင်းဆေးတစ်မည်တည်းသုံးခြင်းမဟုတ်ဘဲ တခြားအဆိပ်ပြေစေသောဆေးများကိုလည်း ထည့်သွင်းဖော်စပ်ပြန်သည်။ တွဲဖက်အသုံးပြုသောဆေးမည်များက ထိန်းပေးသဖြင့် အဆိပ်သည် မရိုင်းတော့။ ဆေးယဉ်ပြီး အစွမ်းထက်သောဆေးဖြစ်လာသည်။

ရောဂါကုသရာတွင် အပူ၊ အအေးကိုကြည့်၍ ဆေးပူပေးသင့်ကပေး၊ ဆေးအေးပေးသင့်က ပေးရသော်လည်း ပိုးကြောင့်ဖြစ်သောရောဂါများမှာ မပျောက်ကင်းနိုင်ပေ။ ပိုးကိုနိုင်သောဆေးမှာ အစွမ်းထက်သော အဆိပ်ပါသည့်ဆေးပင်ဖြစ်သည်။ ထိုဆေးကို ပိုးသေစေလို၍ ဆေးတိုက်ရာတွင်လည်း လူနာ၏ခံနိုင်စွမ်းအားကို တွက်ဆပြီးမှ ပေးရသည်။

ပိုးကိုသတ်သောဆေးတွင် အဆိပ်ပါသဖြင့် ဘေးထွက်ဆိုးကျိုးများရှိသင့်သလောက်ရှိမည်ဖြစ်သည်။ ဆေးသောက်ပြီး လူနာတွင် ကိုယ်အပူချိန်တက်ခြင်း၊ ရေငတ်ခြင်း၊ ထိတ်လန့်ခြင်း၊ မျက်စိသူငယ်အိမ်ကျယ်၍ အိပ်မရခြင်း၊ ဗိုက်နာခြင်း၊ ခန္ဓာကိုယ်တွင် အပူကန်၍ အနာ၊ အစက်အပြောက်များထွက်ခြင်း၊ ဆံပင်ကျွတ်ခြင်းများ ဖြစ်နိုင်သည်။

ရှေးနှစ် ၁၀၀ ကျော်က တိုင်းရင်းဆေးကျမ်းများကို လေ့လာကြည့်ရာ အဆိပ်ဆေးပင်များကိုသုံးစွဲခဲ့ကြောင်း တွေ့ရှိရပြီး သန့်စင်နည်း၊ သုဒ္ဓပြုနည်းများကိုလည်း ရေးသားမှတ်တမ်းတင်ထားကြောင်း တွေ့ရသည်။

ဥပမာ-ကနခိုစေ့သည် ဝမ်းနုတ်ဆေးအတော်များများတွင်ပါဝင်သောပစ္စည်းဖြစ်သည်။ ကနခိုသည် ပူပြီး ဝမ်းသက်စေသောသတ္တိရှိသည်။ အနောက်တိုင်းဆေးကျမ်းများတွင်လည်း ကနခိုစေ့သည် အူများကို လှိုင်းထစေပြီး ဝမ်းလျှောစေသော ပြင်းထန်သည့်အာနိသင်ရှိကြောင်း ဖော်ပြထားသည်။

ထိုသို့ပြင်းထန်သော၊ ရိုင်းသော ကနခိုစေ့ကို ဆေးဖော်ရာတွင် မရိုင်းစေရန် သုဒ္ဓပြုသည်မှာ -

- နွားနို့တစ်ပိသာနှင့် ရောပြုတ်ပြီးမှ သုံးစွဲခြင်း။
- နနွင်းဖြင့်ရောပြုတ်ပြီး ပွလာသောအစေ့ကို ထက်ခြမ်းခွဲ၍ အလယ်မှ အဆန်၊ အချောင်းကိုဖယ်ရှားပစ်ပြီးမှ သုံးစွဲခြင်း။
- ကနခိုစေ့အားလုံးကို သံဒယ်အိုးတွင်ထည့်ပြီး မီးဖြင့်ကျွမ်းအောင်လှော်ပြီးမှ သုံးစွဲခြင်း။
- ကနခိုစေ့ကို အခြောက်လှန်းပြီး အိုးအတွင်းထည့်ကာ မီးဖုတ်၊ ပြာချပြီးမှ ဆေးတွင်ထည့်သွင်းဖော်စပ်သုံးစွဲခြင်း။

စသောနည်းများကို သုံးစွဲပြီး သုဒ္ဓပြုခြင်းဖြင့် ကနခိုပါသောဆေးများမှာ ဗိုက်ရစ်နာခြင်းမရှိတော့ကြောင်း တွေ့ရသည်။ အတိုင်းအဆမှာလည်း ရွေးငယ်ခန့် တစ်ရက် နံနက်တစ်ကြိမ်။

စာညွှန်း။ ။တိုင်းရင်းမြန်မာဆေးနည်း နိဿရည်း၊ တိုင်းရင်းဆေးဆရာများအတွက် စံညွှန်းကုထုံးလက်စွဲ၊ စာမျက်နှာ ၆၂။

တစ်ပိသာခန့်ရှိသော ဆေးတစ်ဖုံတွင် ကနခိုစေ့ပြာ သုံးကျပ်သားထက် ပိုပြီးမပါဝင်သင့်ပေ။

တိုင်းရင်းဆေးခန်းသုံးဆေးနည်းပေါင်း ၅၇ မျိုးတွင် ဆေးအမှတ်(၂၆) အပုပ်ချဆေးကြီးပါဝင်သည်။ ယင်းဆေးနည်းမှာ ရှေးဟောင်းဆေးကျမ်းကြီးတစ်ဆူဖြစ်သော ဩသဓရတနာကရဏ္ဍမ်းမှ ဆေးနည်းကြီးဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ တိုင်းရင်းမြန်မာ အခမဲ့ဆေးကုခန်းများတွင် သုံးစွဲရန်သတ်မှတ်ခဲ့ပြီး ဆရာများသာမက တိုင်းရင်းဆေးနှစ်သက်သူမှန်သမျှ ဖော်စပ်သုံးစွဲခွင့်ရှိသောဆေးဖြစ်သည်။

အပုပ်ချဆေးတွင်ပါဝင်သည့် ပရဆေးအမည်များမှာ -

၁။ ပရုတ်မွေး	၈ ပဲသား
၂။ လေးညှင်း	၂ ကျပ် ၈ ပဲသား
၃။ ဇာတိပို့ုလ်သီး	၂ ကျပ် ၈ ပဲသား
၄။ ရှိုန်းခို	၃ ကျပ်သား
၅။ ကတြသရော်	၃ ကျပ် ၈ ပဲသား
၆။ ဖာလာ	၄ ကျပ်သား
၇။ သိန္ဓော	၄ ကျပ် ၈ ပဲသား
၈။ ကနခို	၄ ကျပ်သား

စုစုပေါင်းဆေးအလေးချိန် ၂၅ ကျပ် ၈ ပဲသားဖြစ်သည်။

ဆေးတစ်ခွက်စာပမာဏ။ ။လူကြီး တစ်ရွေး၊ ကလေး ရွေးငယ်ခန့် နံနက် တစ်ကြိမ်၊ တစ်ရက်။

စာညွှန်း။ ။တိုင်းရင်းမြန်မာဆေးနည်း နိဿရည်း၊ တိုင်းရင်းဆေးဆရာများအတွက် စံညွှန်းကုထုံးလက်စွဲ၊ စာမျက်နှာ ၆၂။

ဆရာဦးသိန်းလွင်၏ တိုင်းရင်းမြန်မာဆေးနည်းကျော်များနှင့် အခြေပြုဒွါဒသိမ်ကျမ်းတွင် ဖော်ပြထားသည်မှာ ကနခိုကို အခိုးသတ်ရာတွင် နည်းအမျိုးမျိုးဖြင့်သတ်ကြသည်။ တချို့ ပဲကြီးစေ့တစ်စေ့နှုးသည်အထိ ရေဖြင့်ပြုတ်သည်။ တချို့ ကင်ပွန်းရွက်၊ တချို့ ရှားစောင်းလက်ပပ် စသည်ဖြင့်ပြုတ်၍ အခိုးသတ်ကြသည်။

ကြိုက်နှစ်သက်ရာကိုအသုံးပြုနိုင်သည်။ သဘောမှာ မပူပြင်း၊ ဝမ်းသွားမလွန်ရန်အတွက် ကနခို၏သတ္တိလျော့ပါးစေရန် ပြုလုပ်ခြင်းသာဖြစ်လေသည်။ ဤဆေးကို ရေနှင့်ကြိတ်၍ ငရုတ်ကောင်းစေ့သာသာခန့် အလုံးလေးများပြုလုပ်ပြီး ပုလင်းတွင်ထည့်ထားပါ။ မိုးဦးကျအခါများတွင် ကလေးသူငယ်များ ဝမ်းပုပ်ချလိုပါက ဤဆေးကို တစ်နှစ်သားလျှင် တစ်လုံးကျခန့် တိုက်ကျွေးနိုင်သည်။

ဤဆေးမှာ အလွန်ပူသောဆေးဖြစ်သောကြောင့် အိမ်သုံးဆေးအဖြစ် အမြဲသုံးစွဲရန် မသင့်လျော်ပေ။ တစ်နှစ်လျှင်တစ်ကြိမ်၊ နှစ်ကြိမ်မျှ အေးသောရာသီတွင်သာ ဝမ်းပုပ်ချရန် သုံးစွဲသင့်သည်။ ဆေးစား၍ ဝမ်းသွားပြီးသည့်နောက် ရင်ပူ၍ မအီမလည်ဖြစ်နေလျှင် ကြံရည်တိုက်ပါက ချက်ချင်းသက်သာစေနိုင်သည်။

သတိပြုရန်မှာ ဤဆေးကိုတိုက်ပြီးနောက် ဝမ်းတွင်း၌ အပူမကိန်းစေရန် ကြံရည်၊ သကြားရည်၊ ဖျော်ရည် စသည့်အေးသောအရည်တစ်ခုခုကို တိုက်နိုင်သည်။

နှစ်ရှည်လများ စွဲကပ်နေသော ဒူလာပါဒရက်၊ ထုံနာကျဉ်နာရှိသူများနှင့်လည်း အထူးသင့်လျော်သည်။ ဤဆေးစား၍ ဝမ်းသွားလွန်မည်ထင်ပါက ထန်းလျက်ရည်၊ ကော်ဖီ၊ လက်ဖက်ရည်တစ်ခုခုကို တိုက်ကျွေးလျှင် ချက်ချင်းသက်သာ ပျောက်ကင်းစေနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

ကြည်လွင်မြင့်(မုဒြာ)

ရေနံချောင်းမြို့နယ် သဖန်းချောင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဆင်း

ရေနံချောင်း ဇွန် ၂၁

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဆင်းပွဲအခမ်းအနားကို ဇွန်လ ၂၀ ရက်က ဘဲဆိပ်ကျေးရွာအုပ်စု သဖန်းချောင်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းငြိမ်းဝင်းက အမှာစကားပြောကြားပြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းငြိမ်းဝင်းက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းကို ဇွန်လ ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်ကြာ စာတွေ့ လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။**နော်လူး**

မိုးနဲမြို့နယ်၌ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြော

မိုးနဲ ဇွန် ၂၁

ဇွန်လ ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း အင်ကြင်းဆောင်ခန်းမ၌ ဇွန်လ ၂၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လီလီမိုးစက်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ မြို့မရဲစခန်းမှ ရဲအုပ်ကျော်မင်းသက်က လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာမည့် ဆိုးကျိုးအန္တရာယ်များ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးအန္တရာယ်များနှင့် မူးယစ်ဆေးဝါးအဓိပ္ပာယ်၊ မူးယစ်ဆေးဝါးနှင့်ဘိန်းအမျိုးအစား၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်းအကြောင်းရင်းများ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကို ဟောပြောကြသည်။

အဆိုပါအခမ်းအနားသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

အစာအိမ်ရောဂါကြောင့် အမ်ဘတ်ပီ ဆေးရုံမှဆင်းလာနိုင်ပြီဖြစ်သော်လည်း ပါချူအာအသင်းနှင့်ကစားမည့် ဖီဖာကလပ် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်ကိုလွဲချော်မည်

မက်ဒရစ် ၆နှ ၂၁

အစာအိမ်ရောဂါကြောင့် ဆေးရုံတက်ရောက်ပြီး ဆေးကုသမှုခံယူခဲ့ရသည့် ရီးယဲလ်မက်ဒရစ်အသင်း အဓိကတိုက်စစ်ကစားသမား အမ်ဘတ်ပီအနေဖြင့် ရောဂါပြန်လည်သက်သာလာပြီးနောက် ဆေးရုံမှဆင်းလာနိုင်ပြီဖြစ်သော်လည်း ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ်ကစားမည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပါချူအာအသင်းတို့ ပွဲစဉ်ကိုလွဲချော်မည်ဖြစ်ကြောင်း သိရသည်။

အမ်ဘတ်ပီသည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင် အသင်းကစားသမားစာရင်းတွင်ပါဝင်လာသော်လည်း အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အယ်ဟီလယ်အသင်းတို့ကစားသည့် ပွဲစဉ်မတိုင်မီ အစာအိမ်ရောဂါကြောင့် ဆေးရုံတက်ရောက်ပြီး ဆေးကုသမှုခံယူခဲ့ရသည့်အတွက် အယ်ဟီလယ်အသင်းနှင့်ပွဲစဉ်ကို လွဲချော်ခဲ့ရသကဲ့သို့ ယခုအခါတွင်လည်း ဆေးရုံမှ ဆင်းလာနိုင်ပြီဖြစ်သော်လည်း ပါချူအာအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

အမ်ဘတ်ပီခံစားခဲ့ရသည့် အစာအိမ်လမ်းကြောင်းဆိုင်ရာဝေဒနာသည် ဝမ်းပျက်၊ ဝမ်းလျှောခြင်းနှင့် အော့အန်ခြင်းဖြစ်ပြီး ဝေဒနာမှာ ပြင်းထန်မှုမရှိသော်လည်း ဖျားနာခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်းကြောင့် အနည်းဆုံး ၁၀ ရက်မှ ၁၄ ရက်အထိ အနားယူရမည်ဖြစ်သည့်အတွက် ပါချူအာအသင်းနှင့်ကစားမည့်ပွဲစဉ်ကို လွဲချော်ရန်နီးစပ်နေသည့် အပြင် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားမည့်ပွဲစဉ်ကိုပါ ထပ်မံလွဲချော်ရနိုင်ပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်မှသာ ပါဝင်ကစားနိုင်ဖွယ်ရှိနေသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားသည့် အယ်ဟီလယ်အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် နောက်တစ်ဆင့် တက်ရောက်နိုင်ရန်အတွက် လက်ကျန်အုပ်စုနှစ်ပွဲစလုံး အနိုင်ရလဒ်ရရှိရန် လိုအပ်နေကြောင်း သိရသည်။

Ref;Fabrizio Romano

ပီလီ၏အလွတ်တည်ကန်ဘောစံချိန်ကို လိုက်မီနိုင်ရန် အင်တာမိုင်ယာမီအသင်း တိုက်စစ်ကစားသမား မက်ဆီ နှစ်ကြိမ်သာလိုအပ်

မိုင်ယာမီ ၆နှ ၂၁

အင်တာမိုင်ယာမီအသင်း ဝါရင့်တိုက်စစ်ကစားသမား မက်ဆီသည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် အင်တာမိုင်ယာမီအသင်းနှင့် ပေါ်တိုအသင်းတို့ကစားသည့်ပွဲစဉ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ဘောလုံးလောကတွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ပီလီ၏စံချိန်ကို လိုက်မီနိုင်ရန် နှစ်ကြိမ်သာလိုအပ်ကြောင်း သိရသည်။

ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ကစားသည့် အင်တာမိုင်ယာမီအသင်းက ပေါ်တိုအသင်းကို ၂ ဂိုး- ၁ ဂိုးဖြင့်အနိုင်ရရှိသောပွဲစဉ်၌ မက်ဆီက ပွဲချိန် ၅၄ မိနစ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ပြီးနောက် မက်ဆီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူနိုင်သည့်အကြိမ်ရေ ၆၈ ကြိမ်ရှိလာပြီးနောက် ပီလီ၏အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူနိုင်ခဲ့သည့် စံချိန်ကိုလိုက်မီနိုင်ရန် နှစ်ကြိမ်သာလိုအပ်မည်ဖြစ်သည်။

ဘောလုံးသမိုင်းတစ်လျှောက် အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူနိုင်သည့်အကြိမ်ရေ အများဆုံးကစားသမားအဖြစ် ဘရာဇီးအသင်းနှင့် လိုင်ယွန်အသင်း ဂန္ဓဝင်ကစားသမားတစ်ဦးဖြစ်သည့် ဂျူနင်ဟိုက ၇၇ ကြိမ်ဖြင့် ထိပ်ဆုံး၌ ရပ်တည်နေပြီး ၎င်း၏နောက်တွင် ပီလီက အကြိမ် ၇၀ ဖြင့် ဒုတိယနေရာ၌ ရပ်တည်နေကာ မက်ဆီက တတိယနေရာ၌ ရပ်တည်နေကြောင်း သိရသည်။

Ref;Goal.com



ခရစ္စတယ်ပဲလေ့စ်အသင်း၏ ရှယ်ယာများကို ရောင်းချနိုင်ရန်နီးစပ်နေသည့်အတွက် အသင်းပိုင်ရှင်တူစည်းမျဉ်းမှ ရှောင်ရှားနိုင်ဖွယ်ရှိ



လန်ဒန် ၆နှ ၂၁

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ရမည့်အရေးနှင့် ရင်ဆိုင်နေရသည့်အတွက် အသင်းပိုင်ရှင် ဂျွန်တက်တာက အသင်းရှယ်ယာများကို ရောင်းချရန် ကြိုးပမ်းရာမှ လက်ရှိတွင် ရောင်းချနိုင်ရန်နီးစပ်လျက်ရှိပြီး ခရစ္စတယ်ပဲလေ့စ်အသင်းအနေဖြင့် အသင်းပိုင်ရှင်တူစည်းမျဉ်းမှ ရှောင်ရှားနိုင်ဖွယ်ရှိကြောင်း သိရသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုဘောလုံးရာသီတွင် အက်ဖ်အေဖလားဗိုလ်လုပွဲ၌ မန်စီးတီးအသင်းကို အံ့အားသင့်ဖွယ်အနိုင်ရရှိပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးဆုဖလားဆွတ်ခူးနိုင်သည့်အပြင် လာမည့်ဘောလုံးရာသီတွင်လည်း ယူရိုပါလိဂ်ပြိုင်ပွဲကို ဝင်ခွင့်ရရှိထားခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် လာမည့်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိထားသော်လည်း ခရစ္စတယ်ပဲလေ့စ်အသင်း ပူးတွဲအသင်းပိုင်ရှင် ဂျွန်တက်တာသည် ပြင်သစ်ကလပ် လိုင်ယွန်အသင်းကိုလည်း ပိုင်ဆိုင်ထားသည့်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်းသည် ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းနှင့် ငြိစွန်းနေသည့်အတွက် ယူရိုပါလိဂ် ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းအရ ပိုင်ရှင်တူကလပ်အသင်းနှစ်သင်းအနေဖြင့် ပြိုင်ပွဲတစ်ခုတည်းတွင်ကစားခွင့်ရရှိမည်မဟုတ်ဘဲ သက်ဆိုင်ရာကလပ်အသင်းများ၏ အမှတ်ပေးဇယားအဆင့်ရပ်တည်မှုအရ အဆင့်မြင့်သည့်အသင်းတစ်သင်းတည်းကသာ ကစားခွင့်ရရှိမည်ဖြစ်သည့်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်းသည် လိုင်ယွန်အသင်းထက် အမှတ်ပေးဇယားအဆင့်နိမ့်ကျနေသောကြောင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်း ယူရိုပါလိဂ်ပြိုင်ပွဲတွင် ကစားခွင့်ရရှိရန် လက်ရှိအသင်းပူးတွဲပိုင်ရှင် ဂျွန်တက် တာက ၎င်းပိုင်ဆိုင်ထားသည့် အသင်း၏ ရှယ်ယာ ၄၃ ရာခိုင်နှုန်းကို စတာလင်ပေါင် သန်း ၁၉၀ ဖြင့် New York Jets Group ထံ ရောင်းချရန် ဆွေးနွေးမှုများ လုပ်ဆောင်နေရာမှ ယခုအခါ အရောင်းအဝယ်ဖြစ်မြောက်ရန် နီးစပ်နေပြီဖြစ်သည့်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်း ယူရိုပါလိဂ်ပြိုင်ပွဲကစားခွင့်ရဖွယ်ရှိနေကြောင်း သိရသည်။

Ref;Fotmob

လီဗာပူးအသင်းက ဘုန်းမောက်အသင်းမှ ကာကက်ဇ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိထား

လန်ဒန် ၆နှ ၂၁

လီဗာပူးအသင်းက ဘုန်းမောက်အသင်းမှ ဘယ်တောင်ပံခံစစ်ကစားသမား ကာကက်ဇ်ကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

လီဗာပူးအသင်းသည် လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ကာကွယ်နိုင်ရန်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်ပါ အောင်မြင်မှုရယူနိုင်ရန် လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားအင်အားပိုင်းဖြည့်တင်းမှုများ လုပ်ဆောင်နေပြီး လေဗာကူဆင်အသင်းမှ လူငယ်ကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ်ကို ခေါ်ယူနိုင်ပြီးနောက် ကာကက်ဇ်ကိုခေါ်ယူရန် ဆက်လက်ကြိုးပမ်းခဲ့ရာမှ လက်ရှိတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ဖြင့် အပြီးသတ်သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ကာကက်ဇ်အနေဖြင့် လာမည့်ရက်ပိုင်းအတွင်း လီဗာပူးအသင်းနှင့်ဆေးစစ်ကာ အပြီးသတ်စာချုပ်လက်မှတ်ရေးထိုးပြီး ပူးပေါင်းမည်ဖြစ်သည့်အတွက် အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် ဝါရင့်ခံစစ်ကစားသမား ရော်ဘတ်ဆန်အနေဖြင့် အသင်းမှထွက်ခွာရန် သေချာနေကြောင်း သိရသည်။

Ref;Fabrizio Romano

လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၁

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေး လျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ခိုင်မာမှု စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော်လုံးပတ် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုအခြေအနေများ၊ စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းပညာရေးဒီဂရီကောလိပ်သို့သွားရောက်၍ ကျောင်းသား/ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် လျှင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ သကျဓီတာသီလရှင်စာသင်တိုက်နှင့် တောလေးထပ်ကျောင်းတိုက်တို့၌ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများ အသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်သို့သွားရောက်၍ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်အပျက်အစီးများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့အတွင်း လျှင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများနေထိုင်ရန် Container House များ တပ်ဆင်ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်၊

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိဆွမ်းဦးပုညရှင်စေတီတော်၊ ရာဇမဏ္ဍိုဈေဌာကောင်းမှုတော်စေတီနှင့် မေတ္တာဘာဝနာတို့၌ လျှင်အတွင်း ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား အဖွဲ့အစည်းအသီးသီးနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီးနောက် စေတီတော်ရင်ပြင်တိုးချဲ့ရန်အတွက်မြေသားနှင့် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ သကျဓီတာသီလရှင်စာသင်တိုက်နှင့် တောလေးထပ်ကျောင်းတိုက်တို့၌ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများ အသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ လျှင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုအခြေအနေများ၊ တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကို သန့်စင်၍ သန့်ရှင်းသောသောက်သုံးရေများပေးဝေနိုင်ရေးနှင့် ပြည်သူများ သောက်သုံးရေ ပြည့်ပြည့်ဝဝဖြန့်ဝေနိုင်ရေးတို့အား ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်ရှိ ရှင်ပင်အုံးအင်းကျောင်းတိုက်နှင့် စကြံဘေါ်တော်မူစေတီတော်တို့သို့ လည်းကောင်း၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်အတွင်းရှိ မြင်းတန်းကျောင်းတိုက်သို့လည်းကောင်း၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်ရှိ ရတနာပုံသာ ဆုတောင်းရာ (ဦးပေစိ)ဘုရားသို့လည်းကောင်းသွားရောက်၍ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများနှင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ရှင်ပင်အုံးအင်းကျောင်းတိုက်ဆရာတော်အား အလှူငွေနှင့် လှူဖွယ်ဝတ္ထု



ပျောက်ဆုံးကြောင်း

နန်းဆိုင်ဦး(ဘ)ဦးထွန်းအောင် ၁၃/နမတ(နိုင်)၀၆၆၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 736306)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၁၂၇

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့အ.ထ.က(၁)ကျောင်းဝင်အမှတ်(၀၈၅၈)Grade-11 မှ မဝင်းဝင်းနု၏ဖခင် ဦးမောင်ငွေ၏အမည်မှန်မှာ ဦးမင်းအောင် ၁၁/တကန(နိုင်)၀၅၁၀၃၀၃ ဖြစ်ပါကြောင်း။ ဦးမင်းအောင်

ပျောက်ဆုံးကြောင်း

ဇရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ အင်းတရော်အုပ်စု၊ အရှေ့စူကျေးရွာနေစမြင့်သိန်း(ဘ)ဦးထွန်းရင် ၁၄/ကပန(နိုင်)၀၈၄၇၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

အလိမ္မာစာမှာရှိ

ပျောက်ဆုံးကြောင်း

ဒဂုံဆိုင်(ဘ)ဦးကံကြီးအောင် ၁၁/ကတန(နိုင်)၁၃၅၅၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 825319)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၆၃၆၀၄၆၀

ပျောက်ဆုံးကြောင်း

ဦးဌေးလင်း(ဘ)ဦးတင်ထွန်း ၅/ဆလက(နိုင်)၁၀၂၂၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 174760)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၄၄၇၂၁၀၀

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အ.ထ.က(၆)(၀တ္ထသေး)ကျောင်း၀င်အမှတ်(၄၆၇၂) Grade-10 သင်ဆဲမှ မခာခာဝင်း၏ဖခင် ဦးဝိုင်း၏အမည်မှန်မှာ ဦးမောင်ဝိုင်း ၈/တတက(နိုင်)၂၄၅၅၆၉ ဖြစ်ပါကြောင်း။ ဦးမောင်ဝိုင်း

အမည်ပြောင်း

ကျိုင်းတုံမြို့၊ ပန်ဟွန်းရပ်ကွက်နေ အဘဦးကျော်ဇင်ထိုက်၏သား မောင်ရှိုင်းသူရဖြိုး၉/လဝန(နိုင်)၁၆၄၀၄၇အား မောင်အောင်ကျော်ဝိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်အောင်ကျော်ဝိုင်

ပျောက်ဆုံးကြောင်း

ခင်ပြည့်စုံလင်း(ဘ)ဦးခင်မောင်လင်း ၁၂/ဒဂတ(နိုင်)၀၈၇၈၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 715889)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၅၂၉၅၅၄

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ တောဝင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 သင်ဆဲမှ မောင်ဇော်ထက်၏ဖခင် ဦးတင်ထွန်း၏အမည်မှန်မှာ ဦးထွန်းထွန်း၀င်း ၈/တတက(နိုင်)၁၃၂၈၁ ဖြစ်ပါကြောင်း။ ဦးထွန်းထွန်း၀င်း

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ REMC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မဟေမာန်ဦး၏ဖခင်ဦးဘိုဝင်း၏အမည်မှန်မှာ ဦးဗိုလ်ဝင်း ၈/တတက(နိုင်)၀၄၉၁၂၃ ဖြစ်ပါကြောင်း။ ဦးဗိုလ်ဝင်း

ပျောက်ဆုံးကြောင်း

လားရှိုးမြို့နေ မောင်ချန်ယင်း(ဘ)ဦးဖန်ရှင်ချောက် ၁၃/လရန(နိုင်)၂၄၆၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၁၁၁၈၅၅၅၉

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ပိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဝိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀၀ ၁၅၃၆

"အားမြဲကြည်လင် စိတ်ဓေါ်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"

NAY PYI TAW



STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဂ္ဂာနီလမ်းမကြီး၊ ပုဇွန်ဝီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆



Internet & Mobile Banking Services

- Account Transfer
- Mobile Topup (Phone Bill)
- Cardless ATM Withdrawl
- Remittance
- Credit Card Payment
- Tax Payment

"မှန်သည် ဖြန်သည် မြဝတီ"





မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

~ (01) 2301421, 2317166

Phone No : (01) 2301367, 2301368, 2301452, 2301378

MPU UnionPay

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ၊

မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက်မရော် - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ပါရမီ(YBS)
09-459448201



➢ ဇွဲမုန်းသူ
09-254781060



➢ မန္တလေးအဝေခြစိုက်
09-426500153



➢ ဇတော်ဝင်
09-423333250



➢ ပါရမီတက္ကစီ
01-3643641



➢ ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ ဈေးနှုန်းပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၉ ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

နေပြည်တော် ဇွန် ၂၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့–မဲ့ထော်သလေး (KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့်တရုတ်နိုင်ငံသား ၂၆ ဦး၊ အိန္ဒိယနိုင်ငံသားတစ်ဦး၊ နီပေါနိုင်ငံသားတစ်ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ၂၉ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်ယည်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဇွန်လ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၇၀ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၀၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။


နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကိုဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေးတက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)


မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ ဘိန်းဖြူသယ်ဆောင်ရောင်းဝယ်သူများအား ငွေကျပ်သိန်း ၉၂၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၄ ဒဿမ ၃၅ ကီလိုကျော်နှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၁၀ ရက်နေ့ ည ၈ နာရီအချိန် စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်အနီး မန္တလေးမှ ကလေးသို့ ကျော်စွာလင်းမောင်းနှင်လာသည့် PAJERO မော်တော်ယာဉ်အားသတင်းအရစစ်ဆေးရာ ယာဉ်ပေါ်ပါ မွေ့ရာ ၂ ခုအတွင်း သိုဝှက်သယ်ဆောင်လာသည့် ပလတ်စတစ်ဆပ်ပြာခွက် ၆၉၃ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် ၆ ဒဿမ ၉၃ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ည ၉ နာရီခွဲအချိန် မူးယစ်ဆေးဝါးများတင်ပေးခဲ့သူ ကျော်ကြီး(ခ) ကျော်မင်းအောင်အား အောင်မြေသာစံမြို့နယ်၊ ၈၈(A)လမ်း၊ ၂၂ x ၂၃ လမ်းကြားရှိ ကားဂိတ်တွင်ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်း၏ဖော်ထုတ်ချက်အရ ဇွန်လ ၁၁ ရက်နေ့နံနက် ၉ နာရီအချိန် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂) ရပ်ကွက်၊ ၆၁ လမ်း၊ ၄၂ x ၄၃ လမ်းကြားရှိ သန်းသန်းမိုး၏ နေအိမ်အား ရှာဖွေရာ အလားတူမွေ့ရာ ၅ ခုအတွင်း သိုဝှက်ထည့်သွင်းထားသည့် ပလတ်စတစ်ဆပ်ပြာခွက် ၁၉၃၆ ခွက်ဖြင့် ထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် ၁၇ ဒဿမ ၄၂၄ ကီလို ထပ်မံဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ ညနေ ၅ နာရီအချိန်တွင် မူးယစ်ဆေးဝါးများ လာရောက်ပို့ပေးခဲ့သူ မအေးမြင့်(ခ)မလုအား ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ မန္တလေးမှကလေးသို့ ဘိန်းဖြူများတင်ပို့ရောင်းချသူ ဒေါ်တင်ဦး(ခ) ဒေါ်အုန်းအား ဇွန်လ ၁၄ ရက်နေ့ ညနေ ၅ နာရီအချိန် ချမ်းမြသာစည်မြို့နယ်၊ ၆၇ လမ်း၊ ၁၀၅ x ၁၀၆ လမ်းကြားတွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဒေါ်တင်ဦး (ခ) ဒေါ်အုန်း၊ ၎င်း၏သားဖြစ်သူ ဟိန်းလတ်နှင့် ဇနီးအေးအေးအောင်(ခ)မပိတို့၃ဦးမှာအုန်းချောနယ်မြေရဲစခန်း မယ(ပ)၃/၂၀၂၄၊ မူးယစ်ဆေးဝါးများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်ယည်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။



စစ်ကိုင်းမြို့တွင် သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တရားခံ ကျော်စွာလင်းအားတွေ့ရစဉ်။



မန္တလေးမြို့တွင် သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တရားခံများအားတွေ့ရစဉ်။

၂၀၂၃ ခုနှစ်၊ ဧနဝါရီလ ၃၀ ရက်မှ ဇွန်လ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၇၀ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၀၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကိုဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေးတက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင်အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Sai Kaung Htet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ရွာဘဲရပ်ကွက် နေ ကောင်းထက်(ခ)ဖိုးသားနှင့် တစ်ရပ်ကွက်တည်းနေ "Khin Thet Wai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ခင်သက်ဝေတို့ ၂ ဦးအား နံနက် ၉ နာရီ မိနစ် ၄၀ အချိန်တွင် ပြည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ကျေးဇူးတင်လွှာ

(၁၆-၆-၂၀၂၅)ရက်မှ (၂၁-၆-၂၀၂၅)ရက်အထိ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်နေပြည်တော်ပြည်ထောင်စု နယ်မြေတို့အတွက် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စွာပြီးစီးအောင်ကျင်းပနိုင်ရေးအတွက် စာမေးပွဲမတိုင်မီနှင့် စာမေးပွဲကာလတစ်လျှောက်လုံး ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန စသည့်ဝန်ကြီးဌာနအသီးသီးတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့သားများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို ပညာရေးဝန်ကြီးဌာနက လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

ပျောက်ဆုံးကြောင်း

ဝင်းဝင်းဌေး(ဘ)ဦးဘကျော် ၁၀/မလမ(နိုင်)၀၁၈၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၉၅၄၆၅၁၁

ပျောက်ဆုံးကြောင်း

ဒေါ်ရှုမ်ရှားဘော်ရွှန်(ဘ)ဦးနှရာမွတ် ၁၀/ခဆန(နိုင်)၁၆၉၂၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၆၉၀၆၅၇၈

ပျောက်ဆုံးကြောင်း

မင်းပိုင်ဇော်ထက်(ဘ)ဦးဝင်းသိန်း ၃/ကကရ(နိုင်)၂၄၃၃၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 747284)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၅၇၃၃၉၉

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်ကိုဆက်သွယ်သော တံတားသစ်တွင်အသုံးပြုမည့် Detailed Structural Design of 3 Spans Continuous Steel Arch (50 m + 150 m + 50 m = 250 m)နှင့် Supervision for Erection of Steel Arch လုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၂၃-၆-၂၀၂၅)

၃။ တင်ဒါပုံစံ အရောင်းပိတ်မည့်နေ့ရက်၊ အချိန် - (၂-၇-၂၀၂၅) ၊ (၁၄:၀၀)နာရီ

၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်၊ အချိန် - (၄-၈-၂၀၂၅) ၊ (၁၆:၀၀)နာရီ

၅။ တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက် - ထပ်မံအကြောင်းကြားပါမည်။

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

မှတ်ချက်။ တင်ဒါပုံစံဝယ်ယူခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်သို့လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံကြေးအား မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်ရှိ တံတားဦးစီးဌာန၏ MD-012939 သို့ပေးသွင်းရမည်ဖြစ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ဖုန်း - ၀၆၇ - ၄၀၇၅၁၄

ပျောက်ဆုံးကြောင်း

သဲတာဝင်း(ဘ)ဦးစိန်ဝင်း ၁၂/လမတ(နိုင်)၀၂၃၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၃၆၂၄၄

ပျောက်ဆုံးကြောင်း

မင်းကောင်းစွန်(ဘ)ဦးအောင်သိန်း ၁၀/ရမန(နိုင်)၂၃၈၀၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၂၇၂၇၂၄

ပျောက်ဆုံးကြောင်း

မင်းဇာနည်(ဘ)ဦးထိန်ဝင်း ၁၀/ခဆန(နိုင်)၁၄၄၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၄၂၆၄၆၇၀

ပျောက်ဆုံးကြောင်း

ကြည်ကြည်ခိုင်(ဘ)ဦးရီစိန် ၁၀/မလမ(နိုင်)၁၃၈၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၄၄၀၀၆၄၆

ပျောက်ဆုံးကြောင်း

သီဟမောင်(ဘ)ဦးမြင့်အောင် ၁၂/ဗဟန(နိုင်)၁၂၀၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၃၆၂၄၄

ပျောက်ဆုံးကြောင်း

ဒေါ်အေးရှင်(ဘ)ဦးတရုတ်ဖြူ ၁၀/မဒန(နိုင်)၀၄၉၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၀၉၃၆၀

ပျောက်ဆုံးကြောင်း

ထက်ထက်အောင်(ဘ)ဦးဌေးအောင် ၁၂/မဂဒ(နိုင်)၁၄၄၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၃၅၅၆၀၁

ပျောက်ဆုံးကြောင်း

ဇင်နွယ်မိုး(ဘ)ဦးမြင့်နိုင် ၁၀/ရမန(နိုင်)၂၄၀၆၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၉၅၈၈၈၄

ပျောက်ဆုံးကြောင်း

မောင်ငယ်(ဘ)ဦးမြင့်အောင် ၁၂/သဃက(နိုင်)၀၈၂၄၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၉၈၉၇၂

ပျောက်ဆုံးကြောင်း

ခိုင်ခိုင်ဝေ(ဘ)ဦးတင်ဦး ၁၂/ဥကတ(နိုင်)၁၀၂၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၅၆၈၂၃၆၃

ပျောက်ဆုံးကြောင်း

အိအိထွန်း(ဘ)ဦးလှဝင်း ၁၃/မနန(နိုင်)၀၂၀၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၅၆၈၂၃၆၃

ပျောက်ဆုံးကြောင်း

ရှိန်းထက်သူ(ဘ)ဦးစိုးသန်း ၁၄/ဟသတ(နိုင်)၃၁၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၇၃၁၁၉

ပျောက်ဆုံးကြောင်း

ဦးထွန်းရီ(ဘ)ဦးအေးမောင် ၁/မမန(နိုင်)၀၀၇၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၄၃၈၈၄

ပျောက်ဆုံးကြောင်း

ကျော်ဇင်လတ်(ဘ)ဦးဌေဇံ ၁၂/စခန(နိုင်)၀၅၁၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၈၂၇၉၀၉၁

ပျောက်ဆုံးကြောင်း

ချိုတီ(ဘ)ဦးဟူဖွန်ဇမာ ၁၀/ကမရ(နိုင်)၂၀၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၆၂၃၇၄၇၇

ပျောက်ဆုံးကြောင်း

စိုးဝင်း(ဘ)ဦးသိန်းဝင်း ၁၂/မရက(နိုင်)၀၈၈၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၈၆၁၄၄

ပျောက်ဆုံးကြောင်း

အောင်သူ(ဘ)ဦးသန်းလွန်း ၇/ဇကန(နိုင်)၀၅၀၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၃၇၀၉၉၄၃

ပျောက်ဆုံးကြောင်း

သက်ပိုင်ထွေး(ဘ)ဦးကြည်ဆုံး ၁၂/ရဟသ(နိုင်)၀၇၆၅၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၄၀၈၀၃၇၇

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးစိုးလွင်(ဒု-ဌာနမှူး(ငြိမ်း)၊ YCDC) အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သဃ်နိုးကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၉၈၈/ခ)နေ (ဦးအောင်ကျင်-ဒေါ်မြကြွယ်)တို့၏သားကြီး၊ (ဦးအောင်စိန်)-ဒေါ်ခင်သန်းမြင့်တို့၏သားသမက်၊ ကိုစိုးမွန်တင့်ဆွေ-မနှင်းရည်စိုး၊ ကိုရဲနောင်စိုး-မစုဝတ်ရည်၊ ကိုကျော်နိုင်စိုးတို့၏မွေးသဖခင်၊ မြေး(၃)ယောက်တို့၏အဘိုး၊ ဒေါ်တင်ထားဦး၏ချစ်လှစွာသောခင်ပွန်းသည် ၂၁-၆-၂၀၂၅ ရက် (စနေနေ့)နံနက်(၀၇:၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၂၅ ရက်(တနလင်္ဂနေ့) နေ့လယ်(၁:၃၀)နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မော်တော်ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ်ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/25406၊ ယာဉ်လက်ဝယ်ရှိသူအမည်-ဒေါ်ခင်မာချို မှတ်ပုံတင်အမှတ်-၇/ထတပ(နိုင်)၀၅၁၆၄၇ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ခရိုင်ရုံး(တောင်ငူ)

မော်တော်ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ်ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/29846၊ ယာဉ်အမည်ပေါက်-ဦးအေးကိုမှတ်ပုံတင်အမှတ်-၇/ရတရ(နိုင်)၀၁၇၉၇၉ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ခရိုင်ရုံး(တောင်ငူ)

၂၀၂၅ ခုနှစ် ဇွန်လ တတိယ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၁

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း ၁ ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၇ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၉ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်လွှေ့ရေလွှေ့ပြန်နှုန်းအခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁၅ မီလီမီတာမှ ၂၆ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၇ မီလီမီတာမှ ၃၇ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၃၈ မီလီမီတာမှ ၄၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း) တို့တွင် (ပြည့်ဝ) အခြေအနေ အသီးသီးရှိနိုင်သည်။ **(မိုး/၈လ)**

တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇွန်လ ၁၈ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ THAI Airways လေယာဉ်ခရီးစဉ်အမှတ် TG-303/SF - 5813 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည် (၂)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၁၀၀၀၀)ကို လည်းကောင်း၊ **ဇွန်လ ၂၀ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (ကုန်လှောင်ရုံ)၌ ကုမ္ပဏီမှ စွန့်လွှတ်ကြောင်း တင်ပြလာသည့်လုပ်ငန်းသုံးပစ္စည်း (၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၅၁၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန်လ ၁၉ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုးမြို့၊ ရေပူစမ်းလမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မူဆယ်မြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၇၃၂၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)။ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၇၃၂၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၂၀ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သာမည့မှ မော်လမြိုင်မြို့သို့သွားရောက်မည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA PREGIO (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊**စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား (မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)။ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၂၉၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၂၀ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၁၃)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄၅)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇွန်လ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၇၇၃၂၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည်အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

❖ **အားကစား ဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကိုလည်း တိုးတက်မြင့်မားစေနိုင်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဃ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟုသုတနှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

ဒေသတွင်း၌ အခြေခံစားကုန်များကို ဖူလုံပေါများစွာဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုလည်း လျော့ကျသွားစေမည်ဖြစ်

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စိုက်ပျိုးမွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် တာဝန်ခံက **စာမျက်နှာ ၅ ကော်လံ ၁ ❐**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ဥစားကြက်များကို Fully automatic စနစ်ဖြင့် မွေးမြူထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။

